ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (18-3-2006) (၄၉၀၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် စက်ခလုတ်နှိပ်ဖွင့်ပေး

ရန်ကုန် မတ် ၁၇

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ အထူးဈေးရောင်းပွဲတော်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထူး ဈေးရောင်းပွဲတော်မုခ်ဦးကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဧည့်သည်များ၊ ကြက်ခြေနီနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက စစ်ကိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များအား အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အရောင်းပစ္စည်းများကို လိုက်လံရှင်းလင်း ပြသသည်။

စာမျက်နှာ ၆ ကော်လံ ၆ သို့ ✻

မျိုးကိုင်းများ စိုက်ပျိုး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် ကျိုင်းတုံခရိုင် မက်မန်းမြို့ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲတွင် ကြက်ဆူပင်မျိုးကိုင်းများကို ပျိုးအိတ်အတွင်း စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မက်မန်းမြို့နယ်တွင် လက်ဖက်ပင်များကို တိုးချဲ့စိုက်ပျိုး ခြံစည်းရိုးကြက်ဆူပင် လျာထားစိုက်ပျိုးရန်ကြိုးပမ်း

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မက်မန်းဒေသခံပြည်သူများအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မက်မန်းမြို့ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲကို မတ်လ ၈ ရက် နံနက်ပိုင်းတွင် အဆိုပါ မက်မန်းမြို့ စံပြပျိုးဥယျာဉ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပုံနည်းစနစ်၊ ခြံစည်းရိုးကြက်ဆူစေ့၊ ကြက်ဆူ ဆီ အထွက်နှုန်းများနှင့် အသုံးပြု ပုံ နည်းစနစ်များကို ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမှုနှင့် အကျိုး ကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက် ရောက်လာကြသူများသည် ကြက် ဆူဆီ လက်တွေ့ကြိတ်ခွဲထုတ် လုပ်မှုနှင့် ကြက်ဆူဆီဖြင့် မီးထွန်း ခြင်း၊ အင်ဂျင်စက်များ မောင်း နှင်ခြင်းတို့ကို ကြည့်ရှုအားပေး ကြသည်။

ထို့နောက် တိုင်းမှူးက တက် ရောက်လာကြသူများအား ခြံစည်း ရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များ ကို ပေးအပ်ပြီး ကြက်ဆူပင် မျိုးကိုင်းနှင့်မျိုးစေ့များကို ပျိုးအိတ် များအတွင်း စတင်စိုက်ပျိုးပေး ကာ တက်ရောက်လာကြသူများ က ခြံစည်းရိုး ကြက်ဆူမျိုးကိုင်း နှင့် မျိုးစေ့ ၁၀၀၀၀ စုပေါင်း ပျိုးထောင်စိုက်ပျိုးမှုကို လှည့်လည် ကြည့်ရှုအားပေးကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် မက်မန်းမြို့ မင်းရန်အောင် ခန်းမ တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံ ပြည်သူများ အားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်သာမြက မက်မန်းမြို့နယ် ၏ ဒေသဆိုင်ရာအချက်အလက် များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက မက်မန်း မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းမိသားစု များအတွက် ဆန်၊ ဆီနှင့် စား သောက်ဖွယ်ရာများ၊အဝတ်အထည် များနှင့်ထောက်ပံ့ငွေများကို လည်း ကောင်း၊ အားကစား အထောက် အကူပစ္စည်းများကိုလည်းကောင်း၊ သတင်းစာနှင့် ဂျာနယ်များကို လည်းကောင်း ပေးအပ်ရာ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

ကြေးမုံ ဆောင်းပါးအညွှန်း

- –ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီ၊
  –လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အစားထိုးပြောင်းလဲ၊
  –အမေရိကန်၏ တားဆီးပိတ်ပင်ရန် အားထုတ်မှု မအောင်မြင်၊
  –လူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းရေး မဲခွဲရာတွင် အမေရိကန်အထီးကျန်ဖြစ်ရ၊
  International Herald Tribune သတင်းစာနှင့် *Financial Times* သတင်းစာပါ ဆောင်းပါး မြန်မာဘာသာပြန်ဆိုချက် (စာမျက်နှာ–၃)
- *အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ဗိုလ်ကျစိုးမိုးရေးဝါဒ ခေါင်းထောင်ထလာမှုသာဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံ အစိုးရများနှင့် ကမ္ဘာ့ပြည်သူတွေက ရှုမြင်နေကြပါတယ်။*
  စာဖတ်သူတစ်ဦး၏ **"လူ့အခွင့်အရေးကို ခုတုံးလုပ်အသုံးချနေတဲ့ အမေရိကန်ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒ"** ဆောင်းပါး (စာမျက်နှာ–၈–၉)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈–၃–၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကြိုးပမ်း နွေသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေး၊ သီးနှံအထွက်နှုန်းများ မြင့်မားလာရေး၊ မြေယာသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်လာရေးတို့အတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။

ရန်ကုန်တိုင်းသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံစိုက်စွမ်းအား မြင့်မားပြီး နိုင်ငံတော်၏ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်စေရေးဖြည့်ဆည်းပေးနေသည့် တိုင်းတစ်တိုင်းဖြစ်သည်။ တိုင်းအတွင်း၌ ရေလှောင်တမံ ၁၁ ခုနှင့် ရေထိန်းတံခါးစီမံကိန်းခြောက်ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်မြေဧက နှစ်သိန်းခုနစ်သောင်းလေးထောင်ကျော်ကို စိုက်ပျိုးရေပေးဝေအကျိုးပြုနေပြီဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းသည် ရန်ကုန်မြို့တော်ဝန်းကျင် စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးပြုဖြစ်ထွန်းစေသည်ဖြစ်ရာ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများနှင့် ရေသွယ်တူးမြောင်းများကို ဆက်စပ်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မတ်လ ၁၆ ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးရေးစီမံကိန်းနှင့် ငမိုးရိပ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အရှေ့ဘက်ခြမ်းတွင် တည်ဆောက်မည့် ဝါးကတုတ်ရေလှောင်တမံနှင့် ကိုဒူးကွဲရေလှောင်တမံတို့ကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် ဆည်တမံများနှင့်အတူ စိုက်ပျိုးရေပေးဝေသည့် မြောင်းများပါတစ်ပြိုင်တည်းပြီးစီးအောင် တည်ဆောက်ရန်လိုကြောင်း** မှာကြားသွားသည်။

ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်သည့် ပဲခူးမြစ် အရှေ့ခြမ်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် စလူ၊ ရွှေလောင်း၊ ကိုဒူးကွဲနှင့် ဝါးကတုတ်ရေလှောင်တမံတို့ကို တည်ဆောက်လျက်ရှိသည်။ အလားတူ ပဲခူးမြစ်အနောက်ဘက်ခြမ်းရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနှင့် ကဝမြို့နယ်တို့တွင် ရေငန်မဝင်ရန်နှင့် ရေချိုများ ထိန်းထားနိုင်ရန် တာဝ၊ ပိုင်ကျုံ၊ ရွှေလှေနှင့် ခရမ်းရေထိန်းတံခါးများကို တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းအတွင်း ငမိုးရိပ်လျှပ်စစ် မြစ်ရေတင်လုပ်ငန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းအတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှစ်ခု၊ ရေလှောင်တမံ ၁၁ ခုနှင့် ရေထိန်းတံခါး ခြောက်ခုတို့မှ စိုက်ပျိုးရေများ ရရှိနေပြီဖြစ်ရာ မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးညှပ် သီးနှံများကို ပိုမိုစိုက်ပျိုးလာနိုင် ကြပြီဖြစ်သည်။

ယင်းသို့ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို နည်းလမ်းအသွယ်သွယ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးနိုင် ခဲ့ပြီး နွေစပါးလျာထားဧက နှစ်သိန်းလေးသောင်းစိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးများကို တိုးမြှင့်တည်ဆောက်ပေးမှုများနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

(၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၇

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် နိုင်ငံတော် ဦးတည်ချက် (၁၂) ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်တိုင်းနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲ ဖြေဆိုပုံ၊ ဖြေဆိုနည်းများကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြိုင်ပွဲကို စတင်ကျင်းပရာ တာမွေမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဒဂုံမြို့နယ် တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ၃၀တို့က ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ တောင်ဥက္ကလာပမြို့နယ်၊ ကျောက်တံတားမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ၃၀တို့က ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ကြသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှင်းလင်းပြောကြား

ပြိုင်ပွဲမကျင်းပမီ ၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်း ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲဖြေဆိုပုံ၊ ဖြေဆိုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၃၀တို့ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ဖြေဆို

ယင်းနောက် ပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၃၀တို့ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

မတ် ၁၆ရက်တွင် ကျင်းပသည့် ဒုတိယနေ့ပြိုင်ပွဲ၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၃၀တို့သည် နံနက်ပိုင်းတွင် လည်းကောင်း၊ ဒလမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၃၀တို့သည် မွန်းလွဲပိုင်းတွင် လည်းကောင်း ဝင်ရောက် ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အဖျောက်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၇

အဖျောက်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အဖျောက်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၏ အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၄–၂၀၀၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးခင်မောင်စိုး ဖုန်း–၀၉–၅၁–၀၂၃၇၄၊ ဦးယုကြိုင် ဖုန်း–၀၉–၅၁–၂၈၈၃၀၊ ဦးမြင့်နိုင် ဖုန်း–၅၃၉၆၈၈ လိုင်းခွဲ (၅၄၃)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ပင်ရွှေညောင်လမ်း တိုက်(၂)နေ ဆရာမကြီး ဒေါ်ခင်လှ (ငြိမ်း)နှင့် သားသမီး မြေးမြစ်တစ်စုတို့က ရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာကျောင်းဆောင်အတွက် အလှူတော်ငွေ ကျပ် တစ်သိန်းနှင့် ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ကျပ်ငါးသောင်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်စဉ်။ (၅၃၅)

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီ
လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အစားထိုးပြောင်းလဲ
အမေရိကန်၏ တားဆီးပိတ်ပင်ရန် အားထုတ်မှုမအောင်မြင်
လူ့အခွင့်အရေးကောင်စီဖွဲ့စည်းရေး မဲခွဲရာတွင် အမေရိကန် အထီးကျန်ဖြစ်ရ

၁၆–၃–၂၀၀၆ရက်ထုတ် **International Herald Tribune** သတင်းစာပါ **Warren Hoge** ၏ **UN creates new human rights panel; US fails to block move to replace commission** ဆောင်းပါးနှင့် ၁၆–၃–၂၀၀၆ရက်ထုတ် **Financial Times** သတင်းစာပါ **Mark Turner** ၏ **UN human rights vote leaves US isolated** ဆောင်းပါးပါ အချက်အလက်တို့ကို မြန်မာဘာသာသို့ ကောက်နုတ်ပြန်ဆိုဖော်ပြအပ်ပါသည်။ (အယ်ဒီတာ)

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီအဖြစ် အသစ်ပြင်ဆင်ဖွဲ့စည်းရေးအတွက် အထွေထွေညီလာခံတွင် မတ် ၁၅ရက်က မဲခွဲဆုံးဖြတ်ကြရာ အခြားနိုင်ငံအများစုနှင့်ဆန့်ကျင်၍ အမေရိကန်က ကန့်ကွက်မဲပေးခဲ့သည့်အတွက် အမေရိကန်အဖို့ သင်းကွဲမျောက်၊ တစ်ကောင်ကြွက်ဘဝဖြင့် အထီးကျန်ဖြစ်ခဲ့ရသည်။

အမေရိကန်က ဆန့်ကျင်နေသော်လည်း ကုလသမဂ္ဂသည် ဗုဒ္ဓဟူးနေ့က လူအများ၏ယုံကြည်မှုကို မရရှိတော့သည့်လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီသစ်တစ်ရပ်ဖြင့် အစားထိုးရန် တစ်ခဲနက်အတည်ပြုလိုက်သည်။ အဖွဲ့ဝင် ၁၉၁ နိုင်ငံပါဝင်သော အထွေထွေညီလာခံကြီးတွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ၁၇၀၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲသုံးမဲတို့ဖြင့် လူ့အခွင့်အရေးကောင်စီသစ်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့်အတူ ကန့်ကွက်မဲပေးသောနိုင်ငံများမှာ အစ္စရေးနိုင်ငံ၊ မာရှယ်ကျွန်းနိုင်ငံနှင့် ပါလာအူလ်နိုင်ငံတို့ဖြစ်ကြသည်။ ကြားနေမဲပေးသောနိုင်ငံများမှာ ဘီလာရုစ်၊ အီရန်နှင့် ဗင်နီဇွဲလားတို့ဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ခန့်ကတည်းက လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က အဆိုပြုခဲ့သည်။ ကိုဖီအာနန်က ယခုဆုံးဖြတ်ချက်ကို ချီးကျူးလိုက်ပြီး ကုလသမဂ္ဂအဖို့ ကမ္ဘာတစ်ခွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စဆောင်ရွက်ရာတွင် ကဏ္ဍသစ်စတင်ရန် အလွန်လိုအပ်နေသောအခွင့်အလမ်းတစ်ရပ် ရရှိခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘော်လ်တန်ကမူ ယခုအတည်ပြုလိုက်သော လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးကော်မရှင်ထက် ပိုကောင်းမလာပါဟု ဆိုသည်။ သို့သော်အမေရိကန်အနေဖြင့် လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းများ ပိုမိုအင်အားရှိစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ဆိုသည်။

အမေရိကန်အနေဖြင့် လူ့အခွင့်အရေးကောင်စီ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကို ဘော်လ်တန်က တစ်စုံတစ်ရာပြောမသွားပေ။ လူ့အခွင့်အရေးကောင်စီတွင် အမေရိကန် အဖွဲ့ဝင်အဖြစ် ပါဝင်ရေး၊ မပါဝင်ရေးကို ဆွေးနွေးနေဆဲဖြစ်သည်ဟု ဘုရှ်အစိုးရ၏ အမည်မဖော်လိုသူအရာရှိတစ်ဦးက ပြောကြားသည်။

လူ့အခွင့်အရေးကောင်စီသစ်၏ အဖွဲ့ဝင်များရွေးချယ်ပွဲကို မေ ၉ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းကောင်စီ၏ ပထမဆုံးအစည်းအဝေးကို ဇွန် ၁၉ရက်တွင် ကျင်းပမည်ဖြစ်သည်။ လက်ရှိလူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည်အစည်းအဝေးကို ဂျီနီဗာမြို့တွင် လာမည့်ရက်သတ္တပတ်၌ ကျင်းပမည်ဖြစ်ပြီး ထိုကော်မရှင်ကို ဇွန် ၁၆ရက်တွင် ဖျက်သိမ်းမည်ဖြစ်သည်။

လက်ရှိ လူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင် ၅၃ နိုင်ငံပါဝင်ပြီး ယခုဖွဲ့စည်းမည့် လူ့အခွင့်အရေးကောင်စီသစ်တွင် အဖွဲ့ဝင် ၄၇နိုင်ငံသာပါဝင်မည်ဟုသိရသည်။ အကျပ်အတည်းများ ပေါ်ပေါက်သောအခါ အချိန်မီဝင်ရောက်ဟန့်တားနိုင်ရန် ထိုကောင်စီသစ်က ဆောင်ရွက်မည်ဖြစ်သည်။

INTERNATIONAL Herald Tribune | AMERICAS

UN creates new human rights panel

By Warren Hoge The New York Times

THURSDAY, MARCH 16, 2006

UNITED NATIONS, New York With the United States virtually alone in opposition, the United Nations on Wednesday overwhelmingly approved a new Human Rights Council to replace the widely discredited Human Rights Commission.

The vote in the 191-nation General Assembly was 170 to 4 with 3 abstentions.

Joining the United States in opposing the resolution were Israel, the Marshall Islands and Palau. Abstaining were Belarus, Iran and Venezuela.

Secretary General Kofi Annan, who first proposed the council a year ago, hailed the decision, saying, "This gives the United Nations the chance - a much-needed chance - to make a new beginning in its work for human [illegible] around the world."

But John Bolton, the United State[illegible] ambassador, said the proposed council was "not sufficiently impr[illegible] over the commission, which has faulted for permitting notorious r[illegible] abusers to become members.

"We must not let the victims of to[illegible]


The Financial Times (16-3-2006)

UN human rights vote leaves US isolated
By Mark Turner at the United Nations
Published: March 16 2006 02:00 | Last updated: March 16 2006 02:00

The US emerged almost completely isolated from a United Nations General Assembly vote yesterday to form a Human Rights Council replacing the widely discredited Human Rights Commission in Geneva.

Even Cuba, which had threatened to table amendments, joined [illegible] countries in adopting the compromise - leaving the US, Israel, the Marshall Islands and Palau alone in opposition. Belarus, Iran and Venezuela abstained.

The new council's supporters say the final outcome did not give everything they wanted, but it was a significant improvement upon current arrangements.

John Bolton, US ambassador to the UN, conceded some provisions marked progress, but said that "on too many issues" the current text was "not sufficiently improved".

"We must not let history remember us as the architects of a council that was a 'compromise' and merely 'the best we could do' rather than one that ensured doing 'all we could do' to promote human rights," he said.

Mr Bolton also said the US would "work co-operatively" to make the new council as strong as possible: "The real test will be the quality of membership that emerges on this council and whether it takes effective action to [illegible]

လူ့အခွင့်အရေးကောင်စီသစ်ကို ဂျီနီဗာတွင် ရုံးစိုက်ကာ တစ်နှစ်လျှင် အစည်းအဝေးသုံးကြိမ် ကျင်းပမည်ဖြစ်ပြီး အနည်းဆုံး ရက်သတ္တ ၁၀ပတ် ရုံးထိုင်မည်ဖြစ်သည်။ လက်ရှိကော်မရှင်က တစ်နှစ်လျှင် ခြောက်ပတ်သာ ရုံးထိုင်သည်ဟုဆိုသည်။

လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရေးနှင့်ပတ်သက်၍ ကိုဖီအာနန်၏ မူလအဆိုပြုချက်၌ အားနည်းချက်များရှိကြောင်း၊ ယင်းမှာ အဖွဲ့ဝင်ဖြစ်မည့်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံသော ထောက်ခံမဲရမှသာ လက်ခံအတည်ပြုရန်ဟူသော စည်းကမ်းဖြစ်ကြောင်း၊ သို့ရာတွင် ယခုပြင်ဆင်အတည်ပြုလိုက်သော စည်းကမ်းချက်တွင် အဖွဲ့ဝင်နိုင်ငံများ၏ လေးပုံသုံးပုံက ထောက်ခံမဲပေးမှသာလျှင် နိုင်ငံတစ်နိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံမည်ဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကလည်းကောင်း၊ အမေရိကန်၏ အပေါင်းပါနိုင်ငံများကလည်းကောင်း ယခုကိစ္စတွင် အမေရိကန်အနေဖြင့် ဆန့်ကျင်မဲပေးသည်ကို ပြန်လည်စဉ်းစားရန် အမေရိကန်ကို တိုက်တွန်းခဲ့ကြသည်။ လက်ရှိ လူ့အခွင့်အရေးကော်မရှင်၏ စည်းကမ်းများထက်စာလျှင် ယခုအတည်ပြုလိုက်သော လူ့အခွင့်အရေးကောင်စီ၏ စည်းကမ်းများက ပိုမိုကောင်းမွန်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်သည့်နိုင်ငံများကိုလည်း အဖွဲ့ဝင်နိုင်ငံ ဖြစ်မလာစေရေး ဟန့်တားထားပြီးဖြစ်သည်ဟု ဆိုကြသည်။ သို့သော် အမေရိကန်က လက်မခံဘဲ ငြင်းဆန်ကာ ကန့်ကွက်မဲပေးခဲ့ခြင်းဖြစ်သည်။ ။

စင်ကာပူ၌ ၂၀၀၅ ခုနှစ်အတွင်း အလုပ်သမားများ အလုပ်ခန့်ထားမှု စံချိန်တင်နိုင်ခဲ့

စင်ကာပူ မတ် ၁၆

စင်ကာပူနိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း အလုပ်သမား ၁၁၃၃၀၀အတွက် လုပ်ငန်း ခန့်ထားပေးနိုင်ခဲ့ရာ လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတွင်း လုပ်ငန်း အများဆုံး ခန့်ထားမှုပင် ဖြစ်ကြောင်း လူအင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

စံချိန်တင်

လွန်ခဲ့သည့်နှစ်အတွင်း အလုပ်သမားအများအပြား ခန့်ထားနိုင်ခဲ့ရာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ အလုပ်သမားပေါင်း ၂၃၁၉၉၀၀အထိ စံချိန်တင်အောင် ခန့်ထားနိုင်ခဲ့သည်ဟု ဖော်ပြပါဝန်ကြီးဌာန၏ စာရင်းဇယားတွင်ပါရှိသည်။

လွန်ခဲ့သည့်နှစ်အတွင်း ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်သမား ၇၃၉၀၀ ခန့် အလုပ်အကိုင်ရရှိခဲ့သဖြင့် အဆိုပါနှစ်အတွင်း ခန့်ထားခဲ့သည့် အလုပ်သမား ဦးရေ၏ သုံးပုံနှစ်ပုံနီးပါးဖြစ်သည်။

ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေး ကဏ္ဍအသီးသီးတွင် အလုပ်အကိုင်ရရှိသူ ဦးရေ ၂၉၅၀၀နှင့် ၈၇၀၀ အထိရှိခဲ့ သည်။ လွန်ခဲ့သည့်နှစ်အတွင်းက လုပ်ငန်းခန့်ထားသူ ဦးရေတွင် ဒေသခံ အလုပ်သမားဦးရေသည် ၆၃၅၀၀ ဖြစ်ပြီး ကျန်ဦးရေဖြစ်သည့် ၄၉၈၀၀ သည် ပြည်ပမှ အလုပ်သမားများဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ကားအရောင်းမြှင့်တင်ရေး အခမ်းအနားတွင် ပြသထားသော ဒေဝူးကုမ္ပဏီ၏ တိုစကာ ဆီဒင်ကား တစ်စီးကို မတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ပိုလီယိုရောဂါ တိုက်ဖျက်ရေး အစီအစဉ်အရ ကလေးငယ်တစ်ဦးအား ကာကွယ်ဆေး တိုက်ကျွေးနေသည်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပရှိ ဖိလစ်ပိုင်အလုပ်သမားများ၏ ပြန်ပို့ငွေ ဇန်နဝါရီလအတွင်း မြင့်မားလာခဲ့

မနီလာ မတ် ၁၆

ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းလျှော့ချမှုများ ပြုလုပ်ခဲ့ပြီးနောက် အလုပ်လက်မဲ့နှုန်းသည် ၈ ဒသမ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့စဉ် ဖိလစ်ပိုင်မှ ပြည်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်နေသူများ၏ ငွေပြန်ပို့သည် ပမာဏသည် ဇန်နဝါရီအတွင်း ၁၆ ဒသမ ၅ ရာခိုင်နှုန်း၊ ငွေအားဖြင့် အမေရိကန် ဒေါ်လာ ၉၁၇ သန်းအထိ မြင့်မားလာသည်ဟု အာဏာပိုင်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အဆိုပါလအတွင်း ပြည်ပသို့စေလွှတ်ခဲ့သည် ဖိလစ်ပိုင် အလုပ်သမားဦးရေသည် ၇ ဒသမ ၂ ရာနှုန်းအထိ ကျဆင်းခဲ့သော်ငြားလည်း ပြည်ပမှလွှဲသည့် ငွေကြေးပမာဏ မြင့်မားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး တီတန်ဂျီယိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပြည်တွင်းအခြေစိုက် အလုပ်သမားဦးရေသည် လွန်ခဲ့သည့်နှစ်အတွင်း ၉ ဒသမ ၈ ရာနှုန်း ကျဆင်းမှုကြောင့် အလုပ်သမား ၇၇၉၃၁ ဦးအထိ ရှိခဲ့မှုပြီး ပြည်ပသို့စေလွှတ်သည့် အလုပ်သမားဦးရေသည် ၉၈၉၇၁ ဦးအထိ ကျဆင်းခဲ့သည်။ အဏ္ဏဝါအခြေစိုက် အလုပ်သမားများ ပြည်ပသို့စေလွှတ်ခဲ့သည့်ဦးရေသည် ၃ ဒသမ ၉ ရာနှုန်းမြင့်တက်ခဲ့ပြီး ဦးရေ ၂၁၀၄၀ အထိ ရှိခဲ့ကြောင်း ဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ယင်းသို့ ပြည်ပရှိ ဖိလစ်ပိုင်အလုပ်သမားများက ပို့ပေးသည့် ငွေပမာဏမြင့်တက်လာရခြင်းသည် ငွေပေးပို့ရာတွင် ဝန်ဆောင်မှုတိုးတက်လာမှုနှင့် စီးပွားရေးဘဏ်များ၏ စီးပွားရေးဆန်ဆန် အင်ပြည့်အားပြည့် လှုပ်ရှားဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ပြည်ပမှ ဖိလစ်ပိုင်အလုပ်သမားများက ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပေးသည့် ငွေကြေးပမာဏသည် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁၀ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီးရီးယားနှင့် လက်ဘနွန် သံတမန်ဆက်ဆံရေးထူထောင်မည်

ဘေရွတ် မတ် ၁၆

လက်ဘနွန် နိုင်ငံရေးခေါင်းဆောင်များက ဆီးရီးယားနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးပြုလုပ်ရန် သဘောတူညီကြကြောင်း လွှတ်တော်ဥက္ကဋ္ဌ နာဘစ်ဘာရီက ဘေရွတ်တွင် အင်္ဂါနေ့က ပြောကြားသည်။

လက်ဘနွန်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် သဘောထားကွဲလွဲမှုများ ရှိနေရာ ယင်းပြဿနာအပေါ် ဖြေရှင်းနိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အမျိုးသား ညှိနှိုင်းဆွေးနွေးပွဲတွင် ဘာရီက ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လက်ဘနွန်က ဆီးရီးယားနှင့် သံတမန်ဆက်ဆံရေး ထူထောင်သင့်ကြောင်းနှင့် နှစ်နိုင်ငံ အပြန်အလှန် ယုံကြည်လေးစားမှုအပေါ် အခြေခံ၍ နှစ်နိုင်ငံရှိ နယ်မြေပိုင်နက်အတွင်း သံရုံးများ ထူထောင်ဖွင့်လှစ်သွားရန် ကိစ္စများကို အစည်းအဝေးတွင် သဘောတူညီကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ယခုနှစ် ဗီယက်နမ်ကော်ဖီ ထုတ်လုပ်မှု ကျဆင်းမည်

ဟန္နွိုင်း မတ် ၁၆

ဗီယက်နမ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ် ကော်ဖီသီးနှံရာသီကုန်ဆုံးချိန် စက်တင်ဘာလ၌ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစေ့ထုတ်လုပ်မှုသည် တန် ၆၀၀၀၀၀ မှ တန် ၆၃၀၀၀၀ သာရှိမည်ဖြစ်ပြီး ယခင်ထုတ်လုပ်မှုရာသီတွင်ရှိခဲ့သော တန် ၇၅၀၀၀၀ ထက် ကျဆင်းမည်ဟု ဒေသခံသက်ဆိုင်ရာ အဖွဲ့အစည်းက ပြောကြားသည်။

ပူးပေါင်းလက်တွဲ

ကော်ဖီထုတ်လုပ်မှု ကျဆင်းရခြင်းမှာ ဗီယက်နမ်၏ အဓိကကော်ဖီစိုက်ပျိုးဒေသများတွင် မိုးခေါင်ခြင်း၊ မိုးရွာလျှင်လည်း အဆက်မပြတ်ရွာသွန်းမှုကြောင့် ကော်ဖီစေ့အခြောက်လှန်းခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ထိခိုက်ခြင်းနှင့် ဗီယက်နမ်ကော်ဖီစိုက်ပျိုးမြေ စုစုပေါင်းမှာ ဟက်တာ ၆၀၀၀၀ သို့ ကျဆင်းခြင်းကြောင့်ဖြစ်သည်ဟု ကော်ဖီနှင့် ကိုကာအဖွဲ့က ပြောကြားသည်။

ကော်ဖီစိုက် တောင်သူများနှင့် ကော်ဖီအရောင်းအဝယ်သမားများအနေဖြင့် ပိုမိုများပြားစွာ ထုတ်လုပ်နိုင်ရန် ပူးပေါင်းလက်တွဲ၍ ကော်ဖီစိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုတွင် ခေတ်မီကိရိယာများ၊ နည်းပညာများ ပူးပေါင်းလုပ်ဆောင် သင့်ကြောင်းနှင့် ကော်ဖီတင်ပို့သူအများစုမှာ ဘဏ္ဍာရေးအားနည်းခြင်း၊ ကုန်သွယ်ရေးပညာအားနည်းခြင်းနှင့် သတင်းသုံးသပ်ခွဲခြားမှု အားနည်းကြသည်ဟု ပြောကြားသည်။

ကျဆင်း

ဗီယက်နမ်သည် ကမ္ဘာတွင် ပြည်ပသို့ ဒုတိယအများဆုံး ကော်ဖီတင်ပို့သောနိုင်ငံဖြစ်ပြီး ယခုနှစ် ပထမ နှစ်လတွင် အမေရိကန်ဒေါ်လာ ၁၆၅ သန်း တန်ဖိုးရှိသော ကော်ဖီ ၁၅၁၀၀၀ တန် တင်ပို့ခဲ့သည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသော်လည်း တန်ဖိုးအားဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း တက်လာသည်ဟု ဗီယက်နမ် အထွေထွေစာရင်းအင်းဌာနက ပြောကြားသည်။

ဗီယက်နမ်သည် ၂၀၀၅ ခုနှစ် နှစ်လယ်အထိ ကော်ဖီစိုက်ပျိုးမြေ ဟက်တာ ၅၀၅၀၀၀ ရှိပြီး ဒေါ်လာ ၇၂၅ သန်းတန်ဖိုးရှိ ကော်ဖီစေ့တန်ချိန် ၈၈၅၀၀၀ ကို ပြည်ပသို့ တင်ပို့ခဲ့သည်။ တင်ပို့သော နိုင်ငံများမှာ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဇိုင်းမားရောဂါအတွက် ပိုမိုအာနိသင်ရှိသော ဆေးဝါးသစ် တရုတ်ပညာရှင်များ တွေ့ရှိ

ပေကျင်း မတ် ၁၆

အယ်လ်ဇိုင်းမားခေါ် ဦးနှောက်မှတ်ဉာဏ် ချွတ်ယွင်းမှုရောဂါကို ကုသနိုင်သောဆေးဝါးသစ်ကို တရုတ်သိပ္ပံ ထူးချွန်ကျောင်း (စီအေအက်စ်)မှ သုတေသနပညာရှင်များက စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ဖန်ကလိုဘန်ဖိုင်ရွှန်ခေါ် အဆိုပါဆေးဝါးသစ်ကို ပထမဆင့်အဖြစ် ဆေးပေးခန်းများတွင် စမ်းသပ်ဆောင်ရွက်ရန် တရုတ်နိုင်ငံ စားနပ်ရိက္ခာနှင့် ဆေးဝါးဌာနက ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ထိုဆေးဝါးသစ်ကို တိရစ္ဆာန်တွင် စမ်းသပ်မှုဆောင်ရွက်ခဲ့ရာ ယခင်အယ်လ်ဇိုင်းမားဆေးဝါးထက် ရှစ်ဆမျှ ဆေးအာနိသင်ပိုမိုကောင်းမွန်သည်ကို တွေ့ရှိခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနနှင့် ဖုန်းဖြင့် မေးမြန်းချက်ပြုလုပ်ခဲ့ရာ စီအေအက်စ်မှ စုံစမ်းရေးမှူးကျောင်းအုပ် ဟာအိုဇီဘိုကျန်က ပြန်လည်ဖြေကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်အာဖရိကတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျ

ဂျိုဟန်နစ္စဘတ် မတ် ၁၆

လူနှစ်ဦး စီးနင်းလိုက်ပါလာသည့် လေယာဉ်ငယ်တစ်စင်းသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာရှိ ဟတ်ဆွာတာဒေသရှိ လယ်ကွင်းတစ်ကွင်းအတွင်းသို့ ပျက်ကျသွားခဲ့ရာ လူနှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ အဆိုပါလေယာဉ်သည် တနင်္လာနေ့မွန်းလွဲပိုင်းတွင် ပျက်ကျပြီးနောက် မကြာမီ လေယာဉ်မှူးဖြစ်သူ ဗန်ဒါခေါ်ကို ဆေးရုံသို့ပို့ဆောင်ရာ လမ်းတွင် သေဆုံးသွားခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ဂမ်မီဒီယန်က ပြောကြားသည်။

ခရီးသည်ဖြစ်သူ တိုင်းနပ်စ်ဗစ်ဆာလည်း အခင်းဖြစ်ပွားရာတွင် သေဆုံးသွားသည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မတ် ၁၆ရက်ကကျင်းပသည့် ၂၀၀၆ခုနှစ် နွေဦးရာသီ အိမ်ရာခြံမြေပြပွဲမှ ပြခန်းတစ်ခုကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်နှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ညှိနှိုင်းမည်မဟုတ်ဟု ဘိုလီးဗီးယား ပြောကြား

လာပက်ဇ် (ဘိုလီဗီးယား)   မတ်   ၁၇

အမေရိကန်ပြည်ထောင်စုနှင့် လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်အပေါ် စတင်ညှိနှိုင်းဆွေးနွေးမှုများကို ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရေးက ပယ်ချလိုက်ပြီး ယင်းသဘောတူညီချက်ကြောင့် ဘိုလီးဗီးယားနိုင်ငံရှိ အငယ်စား ကုန်ထုတ်လုပ်သူများအတွက် ထိခိုက်နစ်နာစေနိုင်ကြောင်း ပြောကြားသည်။

အမေရိကန်အစိုးရအပေါ် သမ္မတမော်ရေးက နောက်ဆုံးဝေဖန်ပြောကြားမှုပင် ဖြစ်သည်။ ၎င်းသည် ဇန်နဝါရီလအတွင်းက သမ္မတရာထူး ရရှိလာခဲ့ခြင်း ဖြစ်သည်။

အစိုးရ၏ အမတော်ကြေးများ ရရှိသည့် လုပ်ငန်းရှင်များရှိကြသည့် နိုင်ငံများက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများဖြင့် မိမိတို့နိုင်ငံသို့ ဝင်ရောက်ကျူးကျော်လာပြီး မိမိတို့၏ အငယ်စားစိုက်ပျိုးထုတ်လုပ်သူများ၏ စီးပွားရေးကို ဖျက်ဆီးကြသည်မှာ မဖြစ်နိုင်ကောင်းသော အချက်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ချုပ်ဆိုမည့် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ကို မိမိပယ်ချကြောင်း မော်ရေးက သတင်းထောက်များသို့ ပြောကြားသည်။

ဘိုလီးဗီးယားနှင့် အမေရိကန် ပြည်ထောင်စုအတွင်း လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်အပေါ် အပြီးသတ်ဆွေးနွေးရန်အတွက် ကြားဝင်ဖျန်ဖြေရန်အတွက် ကိုလံဘီယာ သမ္မတအယ်ဘာရို ယူရီဘီက ကမ်းလှမ်းလာခဲ့ပြီးနောက် တစ်ရက်တွင် မော်ရေးက အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်၏ သက်တမ်းသည် ယခုနှစ်ကုန်ပိုင်းတွင် သက်တမ်းကုန်မည်ဖြစ်သည်။ ကိုလံဘီယာ၊ ပီရူးနှင့် အီကွေဒိုနိုင်ငံများက အမေရိကန်နှင့် အဆိုပါ သဘောတူညီချက်နှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးခဲ့သော်လည်း ဘိုလီးဗီးယားက ညှိနှိုင်းရာတွင် ပါဝင်မည် မဟုတ်ပေ။

ဘိုလီးဗီးယားမှ ပဲပိစပ် စိုက်ပျိုးထုတ်လုပ်သူများက ၎င်းတို့၏ ကုန်ပစ္စည်းများကို ကိုလံဘီယာနိုင်ငံသို့ တင်ပို့ရောင်းချမှုအပေါ် အစိုးရက ကာကွယ်ရန် ပျက်ကွက်မှုရှိသည်ဟု စွပ်စွဲပြောကြားကြပြီး ကိုလံဘီယာသည် အမေရိကန်နှင့် ယင်းသဘောတူညီချက် လက်မှတ်ထိုးရန် လွန်ခဲ့သည့်လအတွင်းက သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပစ္စမိုကမ်းခြေရှိ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ စားသောက်ဆိုင်သို့ ရဲတပ်ဖွဲ့နှင့် မှုခင်းစုံစမ်းရေးမှူးများ လာရောက်စစ်ဆေးနေသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ရှိ ဩဂတ်စတင်းမီးတောင် လှုပ်ရှားလျက်ရှိပြီး မီးတောင်ထိပ်မှ ရေနွေးငွေ့များ မှုတ်ထုတ်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အီရတ်မိသားစု ၁၁ ဦးသေဆုံးခဲ့ရဟု ဆို

တီကရစ်(အီရတ်)   မတ်   ၁၆

အမေရိကန်တပ်ဖွဲ့ဝင်များက အရှာကီဒေသတွင် ဗုဒ္ဓဟူးနေ့က ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သဖြင့် အီရတ်မိသားစု ၁၁ ဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင်များက ယင်းဒေသရှိ အိမ်တစ်အိမ်မှ အယ်လ်ခိုင်ဒါစစ်သွေးကြွတစ်ဦးကို ဖမ်းဆီးရန်အတွက် ဝင်ရောက်ရှာဖွေစဉ် အမျိုးသမီးကြီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

တီကရစ်မြို့ ရင်ခွဲရုံတစ်ခုအတွင်းရှိ ကလေးငယ်ငါးဦး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦးတို့၏ အလောင်း ၁၁ လောင်းကို ရုပ်မြင်သံကြားတွင် ပြသသွားသည်။အလွတ်ဓာတ်ပုံသတင်းထောက်တစ်ယောက်က အရှာကီဒေသတွင် အလောင်းများ မြှုပ်နှံနေသည်ကို တွေ့ရသည်ဟု ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါကွန်ရက်အတွက် ပံ့ပိုးပေးနေသူ ပြည်ပတိုက်ခိုက်ရေးသမားတစ်ဦးကို ဖမ်းဆီးလို၍ အရှာကီဒေသရှိ အိမ်တစ်အိမ်အတွင်း စီးနင်းရှာဖွေ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အဆောက်အအုံအနီး ချဉ်းကပ်စဉ် တွန်းလှန်တိုက်ခိုက်သူများ၏ ပစ်ခတ်ခံရသဖြင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လေကြောင်းရာ မြေပြင်မှပါ လက်နက် များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်ဟု အမေရိကန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးတင်ကီဖီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



မြောက်ဝင်ရိုးစွန်းဒေသရှိ ကနေဒါ သိပ္ပံသုတေသနစခန်းအနီးတွင် အာတိတ်ဝံပုလွေတစ်ကောင်ကို မတ် ၁၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



၂၀၀၆ ခုနှစ် ကမ္ဘာ့ရေနံဝယ်လိုအား တစ်နေ့ စည် ၁ ဒသမ ၄၉ သန်းရှိမည်

ပါရီ   မတ်   ၁၆

၂၀၀၆ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ရေနံဝယ်လိုအားသည် တစ်နေ့လျှင် ရေနံစည် ၁ဒသမ၇၈ သန်းရှိမည်ဟု ကြိုတင်ခန့်မှန်းထားရာမှ တစ်နေ့လျှင် စည် ၁ ဒသမ၄၉ သန်းသာရှိမည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (အိုင်အီးအေ) အဖွဲ့က မတ် ၁၄ ရက်တွင် ပြင်ဆင်ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။

လစဉ် အစီရင်ခံစာအရ တစ်ကမ္ဘာလုံးတွင် စုစုပေါင်း ရေနံသုံးစွဲမှုသည် တစ်နေ့လျှင် စည်ပေါင်း ၈၄ဒသမ၇ သန်းရှိကြောင်း၊ တစ်နေ့လျှင် စည် ၃၀၀၀၀၀ ခန့်သုံးစွဲမှု လျော့နည်းသွားနိုင်ကြောင်းနှင့် ထိုသို့ရေနံသုံးစွဲမှုကျဆင်းရခြင်းသည် ရေနံဈေးနှုန်းမြင့်တက်ခြင်းနှင့် အရှေ့တောင်အာရှတွင် ဝယ်လိုအား လျော့နည်းသွားသည့်အတွက် ဖြစ်ကြောင်း အိုင်အီးအေက ခန့်မှန်းပြောကြားခဲ့သည်။

သို့သော် ၂၀၀၅ ခုနှစ်တွင် ရေနံဝယ်လိုအားသည် တစ်နေ့လျှင် ရေနံစည်ပေါင်း တစ်သန်း များပြားခဲ့ရာ ၂၀၀၆ ခုနှစ်တွင်လည်း ဝယ်လိုအားသည် ပိုမိုမြင့်တက်လာမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အနောက် ဥရောပ နိုင်ငံများတွင် ဒီဇယ်သုံးကား အစီး ၅၀ ရာခိုင်နှုန်းခန့်ကို ဓာတ်ဆီသုံးကားအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြောက်အမေရိကနှင့် ပစိဖိတ်ဒေသ စက်မှုနိုင်ငံများတွင် ယခုနှစ် ပထမ သုံးလပတ်တွင် ရေနံဝယ်လိုအားသည် ယခင်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်နေ့လျှင် ရေနံစည် ၂၀၀၀၀ ခန့် ပိုမိုလာဖွယ်ရှိကြောင်း အိုင်အီးအေက ပြောကြားခဲ့သည်။

အင်ဒိုနီးရှား၌ ယခုနှစ်တွင် ရေနံသုံးစွဲမှုသည် ၂၀ ရာခိုင်နှုန်း ကျဆင်းဖွယ်ရှိသည်ဟု ဆိုသည်။

ရေနံထွက်ရှိရာ အရပ်ဒေသများတွင် အေးချမ်းစွာ တည်ရှိနေမည်ဆိုပါက ရေနံဈေးနှုန်းသည် တဖြည်းဖြည်း ကျဆင်းဖွယ်ရှိကြောင်း အဆိုပါအဖွဲ့က ပြောဆိုခဲ့သည်။

လန်ဒန်နှင့် နယူးယောက်မြို့တို့တွင် လက်ရှိရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၂ ဝန်းကျင်ပေါက်ဈေးရှိသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘယ်လ်ဂျီယံက လှူဒါန်းသည့် ပစ္စည်းဟောင်းများကို အီသီယိုးပီးယား ငြင်းပယ်

ဘရပ်ဆယ်   မတ်   ၁၆

ဘယ်လ်ဂျီယံက လှူဒါန်းထားသည့် အဝတ်အထည်များအပေါ် အီသီယိုးပီးယားက ပိတ်ပင်ထားမှုကြောင့် ကီလိုဂရမ် ၉၀၀ ရှိ အဝတ်ဟောင်းထည်များ၊ ကလေးကစားစရာများနှင့် ကျောင်းသုံးပစ္စည်းပစ္စယများကို အဒစ္စအဘာဘာလေဆိပ်တွင် ဇန်နဝါရီလနောက်ပိုင်းမှစတင်၍ လှောင်ထားခဲ့ရကြောင်း ဘယ်လ်ဂျီယံမှ ဗီအာတီရုပ်မြင်သံကြားတွင် အင်္ဂါနေ့က ဖော်ပြသည်။

အဆိုပါပစ္စည်းများကို ဘယ်လ်ဂျီယံရှိ မြို့ကြီးငါးမြို့က လွန်ခဲ့သည့် ဆောင်းရာသီအတွင်းက စုဆောင်းခဲ့ပြီး အီသီယိုးပီးယားနိုင်ငံသို့ လွန်ခဲ့သည့် ဇန်နဝါရီလက ပေးပို့ခဲ့ခြင်းဖြစ်သည်။

အီသီယိုးပီးယားအာဏာပိုင်များက အဆိုပါပစ္စည်းများ အဒစ္စအဘာဘာ လေဆိပ်သို့ ရောက်ရောက်ချင်း ပိတ်ထားလိုက်ပြီး အကောက်ခွန်ဌာနတွင် သိမ်းဆည်းထားသည်ဟု ရုပ်မြင်သံကြားက ဖော်ပြသည်။

ယင်းပစ္စည်းများကို စည်းရုံးစုဆောင်းသူ ဒတ်ဗန်ဒါဗယ်ဒင်က ယင်းပစ္စည်းများကို ဒေသလေးခုရှိ ဆင်းရဲနွမ်းပါးသည့် ပြည်သူများနှင့် မိဘမဲ့ကလေးငယ်များသို့ ဝေငှရန် လိုလားနေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှား၌ ကျောင်းသားဗီဇာဖြင့် လာရောက်အလုပ်လုပ်သူများကို တားမြစ်ရန် ဆောင်ရွက်

ကွာလာလမ်ပူ   မတ်   ၁၆

မလေးရှားနိုင်ငံ၌ ပြည်ပပညာတော်သင် ကျောင်းသားများသည် ကျောင်းသားဗီဇာအလွဲသုံးစားလုပ်မှုကို မလေးရှား ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တားမြစ်ဆောင်ရွက်လျက်ရှိသည်ဟု အထက်တန်းအရာရှိတစ်ဦးက မတ် ၁၄ရက်တွင် ပြောကြားခဲ့သည်။

ပညာတော်သင်ဗီဇာကို အလွဲသုံးစားပြုမှု လျော့နည်းအောင် လုပ်ထုံးလုပ်နည်းများအားလုံးကို ယခုအချိန်မှစ၍ ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရက်ဇီရှီအာမက်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

▲ **ရှေ့ဖုံးမှ**

တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေး၊ မက်မန်းမြို့နယ်သည် လက်ဖက်စိုက်ပျိုးရန် သင့်တော်သည့် ရာသီဥတုနှင့် မြေအနေအထားတွင်လည်းရှိသဖြင့် လက်ဖက်ပင်များကို တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် ဒေသ၏ရာသီဥတုနှင့် မြေဆီလွှာထိန်းသိမ်းခြင်းတို့ကြောင့် သတ်မှတ်လျာထားစိုက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မက်မန်းမြို့ မင်းရန်အောင် စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မက်မန်းမြို့ ပညာဒီပကျောင်းဆရာတော် ဦးစန္ဒာသီရိအား သွားရောက်ဖူးမြော်ကန်တော့ကာ မက်မန်းမြို့နယ်ရှိ ဒေသခံပြည်သူများ ကိုးကွယ်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော် ၄၅ ဆူကို တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အဆိုပါ ပညာဒီပကျောင်းအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် မက်မန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဆွတ်ဝိုးစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ ဆွတ်ဝိုးစံပြကျေးရွာမှ ဒေသခံပြည်သူများ ကိုးကွယ်နိုင်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ဆူကိုလည်းကောင်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေ များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းမှူးသည် တာကော်လေးကျေးရွာသို့ ရောက်ရှိပြီး မက်မန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပုံ နည်းစနစ်များနှင့် ကြက်ဆူဆီထုတ်ယူ အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကြက်ဆူဆီ လက်တွေ့ကြိတ်ခွဲထုတ်လုပ်ပြသမှု၊ ကြက်ဆူဆီဖြင့် မီးထွန်းခြင်းနှင့် ထော်လာဂျီယာဉ်များ မောင်းနှင်ပြသမှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း စတင်စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းမျိုးစေ့ ၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် တာကော်လေးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းနှင့် မက်မန်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၅၃ဧက စိုက်ပျိုးထားရှိပြီး ကြက်ဆူပင်မျိုးကိုင်းမျိုးစေ့ ပျိုးပင်စုစုပေါင်း ၁၈၄၀၀ ပျိုးထောင်ထားရှိ၍ ဆက်လက်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို၍ သွေးလှူဒါန်းမည်

ရန်ကုန် မတ် ၁၇

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ သွေးလှူဒါန်းပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ လည်းကောင်း၊ နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကြေးသွန်းဘုရားကြီး စုပေါင်း ရေစက်ချမည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော သူရိယမုနိ ကြေးသွန်းဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံလှူဒါန်းခြင်းနှင့် မဟာရံတံတိုင်း ဆောက်လုပ်ပြီးစီးခြင်း စုပေါင်းရေစက်သွန်းချမင်္ဂလာအခမ်းအနားကို ၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် မတ် ၂၄ရက်(သောကြာနေ့) နံနက် ၈ နာရီတွင် ဘုရားကြီးတန်ဆောင်းအတွင်း၌ ကျင်းပမည်ဖြစ်၍ အလှူရှင်များ တက်ရောက်ပါရန် ဖိတ်ကြားထားသည်။

(၅၂၉)

✻ တိုင်းမှူးမှ

အဆိုပါ အရောင်းပွဲတော်ကို ယနေ့မှ စတင်ကာ နေ့စဉ်နံနက် ၈နာရီမှ ည ၈နာရီထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနအသီးသီးမှ ထုတ်လုပ်လျက်ရှိသော ပစ္စည်းများအနက် ပစ္စည်းအမျိုးပေါင်း ၃၂၅မျိုးကို လွတ်လပ်စွာ ရောင်းချသွားမည်ဖြစ်ပြီး စင်တင်တေးဂီတများဖြင့်လည်း ညစဉ် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၇

၂၀၀၆ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ပမာတွင် စုသက်မှူး (မရမ်းကုန်း)၏ ဝတ္ထု/ဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်သည့် **"ဂုဏ်ယူပါသည် သားကောင်းစစ်သည်"** ဇာတ်လမ်းကို မတ် ၁၉ရက် မွန်းလွဲ ၁၂ နာရီခွဲနှင့် မတ် ၂၁ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တို့တွင် မြန်မာ့အသံရေဒီယို အစီအစဉ်မှ ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	Music Talk
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	သံချည်သံကွေးအတတ်ပညာ
၈း၀၀	ဗွီစီဒီမိတ်ဆက်(ချစ်လား) (ဆုန်သင်းပါရဲ–အချစ်စုံတွဲ သီချင်းများ)
၈း၂၀	စည်း(ခန့်စည်သူ၊မျိုးလှိုင်ဝင်း၊ မေသဥ္ဇာဦး၊ချစ်စနိုးဦး)
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မြန်မာ–ထိုင်းချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နွဲ့ကြစို့စက်မှု(၁) ဈေးရောင်းပွဲတော်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	လူငယ်အာဟာရ (မောင်မောင်ဇော်လတ် (The Antz နှင့်တွေ့ဆုံခြင်း)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၃၀	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	**အစီအစဉ်**
၅း၃၀	ပရီမီယာပွဲကြို သုံးသပ်ချက်(၁) ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ပြည်ဖြိုးဟန်)
လိုင်း	5-Sports(Live)
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Sports(Live)
၇း၁၀	Everton-Aston Villa
လိုင်း	5-Sports(Live)
၉း၂၅	Arsenal-Charlton
လိုင်း	5-Sports(Live)
	West Brom-Man Utd
လိုင်း	5-Movies(Live)
	Man City-Wigan
လိုင်း	5-Cartoons(Live)
၁၁း၃၀	Bolton-Sunderland
လိုင်း	5-Cartoons(SDD)
၁၁း၄၀	Bimingham-Tottenham
လိုင်း	5-Sports(Live)
၂း၀၀	Final Score
လိုင်း	5-Sports(Live)

ပေးအပ်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဝန်ထမ်းများ၏ မိသားစုဝင် အမျိုးသမီးများ၏ အမျိုးသမီးရေးရာ အဆိုပြုလွှာများကို ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ရင်လှိုင်က ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နီနီစိန်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ ဇနီး၊ ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ အမျိုးသမီးဝန်ထမ်းများနှင့် မိသားစုဝင် အမျိုးသမီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်ခံ

ရှေးဦးစွာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်တင်တင်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝန်ထမ်းများ၏ မိသားစုဝင် အမျိုးသမီးများ၏ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၂၉၂ စောင်ကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရင်လှိုင်က ပေးအပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်နီနီစိန်က လက်ခံသည်။

ဟောပြော

ထို့နောက် ပါမောက္ခ ဒေါက်တာ မတင်ဝင်းက **"သူတို့ မပါလျှင် ဘယ်နေရာမျှမပြီး"** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း တာဝန်ခံ ဒေါက်တာ ဒေါ်ခင်ရဲတင့်က ကျန်းမာရေးပညာပေး ဟောပြောသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၇–၃–၂၀၀၆)

အောင်လံ
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး
၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)

မကွေး၊ မန္တလေးနှင့် ရွှေကျင်
၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	**ဆရာတော်ဦးဃောသိတ တရားတော် – ကိံတုကောပမသုတ်**
၉း၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၁။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၁၅	၄။	မေးမြန်းစူးစမ်း
၁၂း၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၅၀	၆။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် – နှင်းဆီ (အပိုင်း–၁)**
၁း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၉	၈။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မျိုးချစ်တပ်မတော်
၅း၁၅	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၂၁)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	**English Premier League ဘောလုံးပွဲ – West Bromwich Albion Vs Manchester United**
....	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

စာပေဗိမာန် စာအုပ်အသင်း ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်စာအုပ် ဖြန့်ချိ

ရန်ကုန် မတ် ၁၇

စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၂ ခုနှစ် စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ ဇော်ထွန်းအောင်၏ ဒစ်ဂျစ်တယ်မျက်မှောက်ခေတ် စာအုပ်ကို စာအုပ်အသင်း၏ (၂၄)အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့်နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းသို့ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်း အဖွဲ့များ၊ စာကြည့်တိုက်များအနေဖြင့်လည်းကောင်း အသင်းဝင်လိုပါက ကြိုတင်ငွေ ကျပ် ၁၅၀၀ ပေးသွင်းပြီး ယင်းကြိုတင်ငွေမှ အသင်းသားများသို့ ဖြန့်ချိသည့် စာအုပ်တန်ဖိုး(လျှော့နှုန်း)အလိုက် ခုနှိမ်မည်ဖြစ်သည်။ အသင်းပေးစာအုပ်များကို နယ်အသင်းဝင်များထံသို့ စာတိုက်၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားတို့ဖြင့် ပေးပို့မည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း၊ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ အမှတ်–၅၂၉/၅၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

✳ တိုင်းမှူးမှ

မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးတိုးချဲ့ စိုက်ပျိုးမည့် အစီအစဉ်နှင့် ကြက်ဆူပင်နှစ်အလိုက် စိုက်ပျိုးရန်လျာထားစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်စိုက်ပျိုး

သဲကုန်းမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်၌ နွေစပါးလျာထား ၂၃၄၄၂ဧက အနက် ဧက ၁၇၅၆၀ စိုက်ပျိုးပြီးစီးပြီး ပဲအမျိုးမျိုး ၁၁၃၀၉ ဧက၊ နှမ်းဧက ၁၂၀၀၊ နေကြာဧက ၁၄၀၀ စိုက်ပျိုးပြီးစီးကာ ရာသီကုန်အထိ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့နောက် တိုင်းမှူးသည် သဲကုန်းမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ တစ်လျှောက် လမ်းဘေးဝဲယာ နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်-ပြည်ကားလမ်း ဝဲယာတစ်လျှောက် နွေစပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးလျာထား ဧက ၁၅၀၀၀၀ အနက် ၁၅၄၅၈၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စီမံကိန်း၏ ၁၀၃ ဒသမ ०၆ ရာခိုင်နှုန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ (သတင်းစဉ်)

❁ မကွေးတိုင်းမှ

အခြေအနေများ၊ အလုပ်ရုံများ၊ Transformer အဆောက်အအုံများ စသည်တို့ကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေမန်နေဂျာ ဦးသိန်းစိုးက ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်ထုတ်လုပ်မှု နည်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ရုံ၏ မြို့ပြဆိုင်ရာ လုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများမှာ ရာနှုန်းပြည့် ပြီးစီးနေသဖြင့် စက်များ စမ်းသပ်လည်ပတ်ရေးကိစ္စ၊ စက်ရုံဖွင့်လှစ်ရေးကိစ္စများကို အမြန်ဆုံး ပြီးစီးစေရန် အစီအမံထား ဆောင်ရွက်သွားရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘက်စုံထောင့်စုံမှ သုံးသပ် ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် Hydrogen Plant ရှိ စက်များတပ်ဆင်မှု အခြေအနေများ၊ Main Unit ရှိ စက်များတပ်ဆင်မှုနှင့် Water Treatment Station ကို ကြည့်ရှုသည်။

တစ်နေ့ တန် ၃၀ ဟိုက်ရိုဂျင်ပါအောက်ဆိုဒ် စက်ရုံ (ချောက်)ကို မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ မကွေးတိုင်း ချောက်မြို့နယ် ရေတွင်းရွာအနီး ၁၇၈ ဒသမ ၉၉ ဧက ပေါ်၌ အကောင်အထည်ဖော်လျက်ရှိသည်။ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ချည်ထည်များ၊ စက္ကူပျော့ဖတ်များ အရောင်ချွတ်ရာတွင် အသုံးပြုရန် နိုင်ငံခြားမှ ဈေးနှုန်းကြီးစွာပေးနေရသည့် သွင်းကုန်အစားထိုးရန်၊ အစားအသောက်များ သန့်ရှင်းစွာ ပြုပြင်ထိန်းသိမ်းနိုင်ခြင်းဖြင့် ကျန်းမာရေးနှင့် စားသောက်နေထိုင်မှု အဆင့်မြင့်မားလာစေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန် ရည်ရွယ်တည်ဆောက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



အလေးချိန် ၁ ဒသမ ၈၀ ကီလိုရှိ ယူရှီ-၂၀၀၈၀၀ တန် ကျောက်စိမ်းတုံးကြီး။ (ကြေးမုံ)

❖ မြန်မာ့ကျောက်မျက်မှ

ဈေးနှုန်းလွှာတင်သွင်း၍ သတ်မှတ်ထားသည့် မတ် ၁၈ ရက်တွင် ပုလဲအတွဲ ၂၅၀ကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။ ပုလဲအတွဲ ၂၅၀ တွင် လုံးရေ ၂၃၉၅၀၊ အလေးချိန် ၁၆၀၃၀ ဒသမ ၁၀ မိုမီရှိသည်။ ပုလဲ ၃၄ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲ ၂၁၆ တွဲကို တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ယခုကျင်းပဆဲ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့၌ ကျောက်မျက်များကို ရောင်းချမည်ဖြစ်ရာ ကျောက်မျက် ၂၅၁ တွဲကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။

မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ကျောက်စိမ်းများ ရောင်းချမည်ဖြစ်ရာ ကျောက်စိမ်းအတွဲ ၁၉၀ကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်း ၂၂၆၉တွဲကို တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ယနေ့ကျင်းပသော ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပရတနာကုန်သည် ၁၁၃၆ ဦးနှင့် ပြည်တွင်း ရတနာကုန်သည် ၈၀၄ ဦး စုစုပေါင်း ရတနာကုန်သည် ၁၉၄၀ လာရောက်ကြသည်။

(ကြေးမုံ)

ဝယ်ယူခဲ့

ရွှေရောင် မြန်မာ့ပုလဲသည် အရည်အသွေးကောင်းမွန်သဖြင့် ရတနာကုန်သည်များအကြား မျက်နှာပန်းလှနေသည်။ ပြီးခဲ့သည့် မတ် ၇ ရက်မှ ၉ရက်အထိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အကြိမ် (၂၀) မြောက် ပြည်တွင်း ပုလဲရောင်းချပွဲ (၂၀၀၆)ကို ရန်ကင်းမြို့နယ် ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ ရတနာကုန်သည်များက ပုလဲအတွဲပေါင်း ၁၈၇ တွဲကို ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ပြည်ပ ရတနာကုန်သည်များ အကြိုက် ရွှေရောင် မြန်မာ့ပုလဲများ။ (ကြေးမုံ)

● နွေရာသီမှ

ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လာရောက်ကြည့်ရှုအားပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါ နွေရာသီဘောလုံးသင်တန်းသို့ သင်တန်းသား ၂၈၀ တက်ရောက်သင်ကြားနေပြီး သင်တန်းနည်းပြအဖြစ် ဦးနေဝင်းက သင်ကြားပေးလျက်ရှိသည်။ သင်တန်းချိန်များအဖြစ် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် သုဝဏ္ဏ လေ့ကျင့်ရေးကွင်း(၃)တွင် သင်ကြားပေးလျက်ရှိသည်။ (ကြေးမုံ)

ကြေးမုံ The Mirror **အင်တာနက်သတင်းများ**

မဟာတံတိုင်းကြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အဆင့်မြင့် နည်းပညာသုံး ကိရိယာများဖြင့် လေ့လာ

ပေကျင်း မတ် ၁၇

ကမ္ဘာ့အံ့ချီးဖွယ်ရာများတွင် ပါဝင်သည့် တရုတ်မဟာတံတိုင်းကြီး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအတွက် အဆင့်မြင့် နည်းပညာသုံး ကိရိယာများဖြင့် ကွင်းဆင်းလေ့လာမည့် စီမံကိန်းတစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း မတ် ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။



ကီလိုမီတာ ၆၃၀၀ ရှည်လျားသော တရုတ် မဟာတံတိုင်းကြီး။
(ဓာတ်ပုံ-အင်တာနက်)

ကီလိုမီတာ ၆၃၀၀ ရှည်လျားသော မဟာတံတိုင်းကြီးသည် တရုတ်လူမျိုးတို့၏ဂုဏ်ယူဖွယ်ရာ အမျိုးသားအမွေအနှစ်တစ်ရပ်ဖြစ်သည်။

မဟာတံတိုင်းကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် လေဆာစနစ်သုံး ကိရိယာများ၊ ဂျီပီအက်စ် ကိရိယာများနှင့် ဒီဂျစ်တယ် ကင်မရာများကို အသုံးပြု၍ မဟာတံတိုင်းကြီး၏ အုတ်ရိုးတံတိုင်း တည်တံ့ခိုင်မြဲမှု အခြေအနေကို သိရှိနိုင်ရန် ပိုက်စိပ်တိုက်လေ့လာမည်ဖြစ်သည်။

အပြီးဆောင်ရွက်မည်

မဟာတံတိုင်းကြီးအား သိပ္ပံနည်းစနစ်များနှင့်အညီ ကွင်းဆင်းလေ့လာသည့်လုပ်ငန်းကို နှစ်နှစ်ထက်မနည်း အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ကွင်းဆင်းလေ့လာတိုင်းတာမှုလုပ်ငန်းတွင် ကျွမ်းကျင်မှုပညာရှင်ရာပေါင်းများစွာကို အသုံးပြုရမည်ဖြစ်သည်။ မဟာတံတိုင်းကြီး ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းကြီးတစ်ရပ်လုံးကို ၂၀၀၉ ခုနှစ် နောက်ဆုံးထား၍ အပြီးဆောင်ရွက်မည်ဖြစ်သည်။

လောလောဆယ်ကာလတွင် နိုင်ငံတော်အဆင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရသည့်နေရာများတွင် ထိန်းသိမ်းစောင့်ရှောက်ရေး ဧရိယာများနှင့် ကြားခံဇုန်များ ဆက်နွှယ်ထားသည်။ မဟာတံတိုင်းကြီး အနီးတွင် ဆောက်လုပ်ရေးစီမံကိန်းများ ပြုလုပ်ခြင်း မရှိစေရန် တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်။ **အင်တာနက်။**

ငရုတ်ကောင်း၏ အာနိသင် ကင်ဆာဆဲလ်များကို ချေမှုန်းနိုင်

တိုကျို မတ် ၁၇

ငရုတ်ကောင်း၏ ပူစပ်ပူလောင်သဘာဝကို ဖြစ်ပေါ်စေသော ကက်ဆိုင်းစင် (Capsaicin) ဓာတုပစ္စည်းသည် ဆီးကျိတ်ကင်ဆာရောဂါ ကလာပ်စည်းများ သေဆုံးစေရန် ချေဖျက်ပေးနိုင်သော အာနိသင်ရှိကြောင်း ဂျပန်နှင့် အမေရိကန် သုတေသီများက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြသည်။

ခြေဖျက်ပေးနိုင်

အစမ်းသပ်ခံ ကြွက်များကို ငရုတ်ကောင်းတွင် ပါရှိသည့် ကက်ဆိုင်းစင် ဓာတုပစ္စည်း ကျွေးမွေးထားလိုက်ပြီး ဆီးကျိတ်ကင်ဆာ အကျိတ်များကို လေ့လာစောင့်ကြည့်ရာတွင် ကြွက်များတွင် ကြီးထွားလာသော ဆီးကျိတ်ကင်ဆာကလာပ်စည်း၏ ၈၀ ရာခိုင်နှုန်းအထိကို ကက်ဆိုင်းစင် ဓာတုပစ္စည်း၏ ဂုဏ်သတ္တိဖြင့် ခြေဖျက်ပေးနိုင်ကြောင်း တွေ့ရှိရသည်။

ပြောကြား

ကက်ဆိုင်းစင် ဓာတုပစ္စည်းသည် ကြီးထွားနေဆဲအဆင့်တွင် ရှိသော ဆီးကျိတ်ကင်ဆာ ပျံ့နှံ့မှုကို ထိထိရောက်ရောက် ဖျက်ဆီးနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ကက်ဆိုင်းစင် ဓာတုပစ္စည်း၏ ဂုဏ်သတ္တိသည် ကြွက်များတွင်ရှိသည့် ကင်ဆာကလာပ်စည်းများ မပြန့်ပွားအောင် ထိန်းချုပ်ပေးနိုင်သော်လည်း လူတို့တွင်ရှိသည့် ကင်ဆာကလာပ်စည်းများကို ထိထိရောက်ရောက် တိုက်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ ဆက်လက်၍ လေ့လာရဦးမည်ဖြစ်သည်။

ဆီးကျိတ်ကင်ဆာ ကလာပ်စည်းများကို ချေဖျက်ပေးနိုင်သော ငရုတ်ကောင်းပင်။
(ဓာတ်ပုံ-အင်တာနက်)

သေဆုံးရ

ဆီးကျိတ်ကင်ဆာ ရောဂါသည် အမေရိကန်နိုင်ငံ၌ အမျိုးသားများအတွင်း ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပွားတတ်သော ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း အမျိုးသား ၂၃၂၀၀၀ ခန့်မှာ ဆီးကျိတ်ကင်ဆာရောဂါ ခံစားနေရကြောင်း တွေ့ရှိရသည်။ ၎င်းတို့အနက် လူပေါင်း ၃၀၀၀၀ အထိ အသက်ဆုံးရှုံးရလေ့ရှိသည်။ ကမ္ဘာတစ်ဝန်းတွင်မူ နှစ်စဉ်နှစ်တိုင်း ဆီးကျိတ်ကင်ဆာ ရောဂါကြောင့် အမျိုးသား ၂၂၁၀၀၀ ခန့် သေဆုံးရသည်။

အင်တာနက်။

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်ရဲ့ ပိုလ်ကျစိုးမိုးရေးဝါဒ

စာဖတ်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနဲ့ပတ်သက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝ လက်မခံဘဲ ပယ်ချလိုက်တဲ့ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို မတ်လ ၁၆ ရက်နေ့ထုတ် သတင်းစာတွေမှာ ဖတ်ရှုလိုက်ရပါတယ်။

အဲဒီ သတင်းထုတ်ပြန်ချက်မှာ အမေရိကန်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာဟာ မြန်မာ နိုင်ငံရဲ့ ပြည်တွင်းရေးမှာဝင်ရောက်စွက်ဖက်ဖို့ နိုင်ငံရေးအရ ထိုးနှက်မှု သာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဆက်လက်ပြီး **"မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့်ပြည်ပ နိုင်ငံကမျှ ပို၍သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အဆိုပါ အစီရင်ခံစာဟာ မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးဖို့နဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ရပ်သာဖြစ်တယ်လို့ ရှုမြင်သုံးသပ်ကြောင်း၊ အဆိုပါ အစီရင်ခံစာဟာ ယနေ့မြန်မာနိုင်ငံမှာ ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုတွေကို မသိကျိုးကျွန်ပြုထားကြောင်း"** ဖော်ပြထားတာ တွေ့ရှိရပါတယ်။

တကယ်တော့ အမေရိကန်အစိုးရဟာ ၎င်းတို့မလိုမုန်းထားတဲ့ နိုင်ငံတွေရဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေကို လျစ်လျူရှု ဥပေက္ခာပြုပြီး ပြဿနာကို ဓာတ်ဆီလောင်း မီးခွက်ထွန်းပြီး ရှာနေတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီလို နိုင်ထက်စီးနင်း ဗိုလ်ကျစိုးမိုးရေးဝါဒကြောင့်အမေရိကန်ဟာ ကိုယ့်ရှုံးကိုယ်ပတ် ဓာတ်လမ်းတွေ၊ အရှုပ်တော်ပုံတွေနဲ့ နပုံးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရတာကို တစ်ကမ္ဘာလုံးကသိထားကြပါတယ်။

အမေရိကန်အစိုးရရဲ့ ပြည်တွင်း၊ပြည်ပ နှစ်ဌာနမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးဖွဲ့လို့မကုန်အောင် ရှိနေကြောင်း စူးစူးစိုက်စိုက် လေ့လာနေသူတိုင်း သိရှိနေကြပါတယ်။ လတ်တလောဖြစ်ရပ်တွေကို ဆက်စပ်ဖော်ပြရမယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ လူ့အခွင့်အရေးဆိုင်ရာ အကာ အကွယ်ပေးမှုတွေဟာ နိုင်ငံတကာအဆင့်အတန်း မမီကြောင်း တွေ့ရှိ ရမှာဖြစ်ပါတယ်။

သာဓကတစ်ခု ဖော်ပြရမယ်ဆိုရင် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အမေရိကန်သမ္မတဘုရှ်ဟာ သူ့ပြည်တွင်းမှာ တယ်လီဖုန်းနဲ့ အီးမေးလ်ဆက်သွယ်မှုတွေကို ကြားဖြတ် ဖမ်းယူဖို့ တရားရုံးရဲ့ ခွင့်ပြုချက်မတောင်းခံဘဲ အမျိုးသားလုံခြုံရေးအေဂျင်စီအား အာဏာအပ်နှင်းခဲ့တာကြောင့် အရှုပ်တော်ပုံတစ်ခုနဲ့ရင်ဆိုင်နေရပါတယ်။ အဲဒီလို ဖုန်းလိုင်းကြားဖြတ် နားထောင်မှု ပြုလုပ်ခြင်းဟာ အမေရိကန်နိုင်ငံသားတိုင်းရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးအောင် အလွဲသုံးစားလုပ်နေတာဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြစ်တင်ဝေဖန်သံတွေ သောသောညံနေပါတယ်။

ထို့အတူပဲ ကမ္ဘာ့နိုင်ငံအသီးသီးကို အမေရိကန်ဒီမိုကရေစီ သွတ်သွင်းဖို့ မဆင်မခြင်လုပ်ဆောင်နေတဲ့ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီဟာ ငွေသာပဓာနဒီမိုကရေစီဖြစ်နေကြောင်း လတ်တလောပုပ္ပနွေးနွေး ဖြစ်ရပ်တစ်ခုက သက်သေပြနေပါတယ်။ အဲဒီဖြစ်ရပ်ကို အက်ဘရာမော့ဖ် အရှုပ်တော်ပုံလို့ လူသိများပါတယ်။ ရီပတ်ဘလီကန်ပါတီရဲ့ ထင်ရှားတဲ့ မဲဆွယ်စည်းရုံးရေးသမား ဂျက်ခ်အက်ဘရာမော့ဖ်ဟာ နိုင်ငံရေးလာဘ်စားမှုမှာ ပါဝင်ခဲ့ကြောင်း မကြာသေးမီက ဝန်ခံထားသူ ဖြစ်ပါတယ်။ အက်ဘရာမော့ဖ်ဟာ အမေရိကန်သမ္မတဘုရှ်နဲ့ အလွန်ခင်မင် ရင်းနှီးသူဖြစ်ကြောင်း လေလုံးထွားခဲ့သူဖြစ်ပြီး သမ္မတဘုရှ်ရဲ့ အဓိကနိုင်ငံရေးအကြံပေး ကားလ်ရုဗ်နဲ့လည်း နီးနီးစပ်စပ် ဆက်သွယ်မှုရှိသူဖြစ်ကြောင်း၊ သမ္မတဘုရှ်နဲ့ အက်ဘရာမော့ဖ်တို့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မီဒီယာတွေမှာ ဖော်ပြထားကြောင်း သိရပါတယ်။ ဒါ့အပြင် နယူးမက္ကဆီကိုမှ ရီပတ်ဘလီကန် အမတ် ဟီသာဝီလ်ဆင် ဆိုသူဟာလည်း ယခုနှစ် ကိုယ်စားလှယ် ရွေးကောက်ပွဲမှာ မသမာမှုလုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ လွှတ်တော်မှ စုံစမ်းပေးရန် တောင်းဆိုခြင်းခံနေရပါတယ်။

အမေရိကန်တစ်နိုင်ငံလုံးမှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း လူသတ်မှုနှုန်း နှစ်ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ FBI ရဲ့ အစီရင် ခံစာတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အမေရိကန်ပြည်ထောင်စု မြို့ကြီး များတွင် လူသတ်မှုပေါင်း ၁၃ ရာခိုင်နှုန်းအထိ တိုးလာကြောင်း၊ အလွန်ကြီးသည့် မြို့ကြီးများတွင် လူသတ်မှု ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနောက်အလယ်ပိုင်း၌ ၄ ဒသမ ၉ ရာခိုင်နှုန်း၊ တောင်ပိုင်း၌ ၂ ဒသမ ၂ ရာခိုင်နှုန်း၊ အရှေ့မြောက်ပိုင်း၌ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အနောက်ပိုင်း၌ သုည ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတယ်လို့ သိရပါတယ်။

အဲဒီလို အကြမ်းဖက်မှုနှုန်းတွေ မြင့်တက်နေတဲ့ အမေရိကန်နိုင်ငံမှာ လူမျိုးရေးခွဲခြားမှုတွေလည်း အမြစ်စွဲနေဆဲဖြစ်ပါတယ်။ မေရီလင်းပြည်နယ်ရဲ့ သေမှုသေခင်းတွေကို လေ့လာရင် လူသတ်မှု ၈၀ရာခိုင်နှုန်းနီးပါးမှာ အသတ်ခံရသူတွေဟာ အာဖရိကန္ဒွယ်ဖွား အမေရိကန်တွေဖြစ်နေကြောင်း၊ ပြည်နယ်ရဲ့မှုခင်းတွေဟာ အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုတွေနဲ့ ဆက်နွယ်နေကြောင်း သိရပါတယ်။ အဲဒီပြည်နယ်မှာ ၁၉၇၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း သေဒဏ်ချမှတ်ခံရတဲ့ အမှုပေါင်း ၁၃၀၀ ကျော်ကို စစ်ဆေးလေ့လာခဲ့တဲ့ မှုခင်းဗေဒပညာရှင်တစ်ဦးက တရားစီရင်မှုတွေမှာ ပထဝီဝင် သဘောအရ ကွဲပြားခြားနားမှုတွေ၊ လူမျိုးရေးခွဲခြားမှုတွေ ပါရှိနေကြောင်း သုံးသပ်ဖော်ပြထားပါတယ်။ အသတ်ခံရသူဟာ လူမည်းဖြစ်လို့ သေဒဏ်ခံရခြင်းထက် အသတ်ခံရ သူဟာ လူဖြူဖြစ်လို့ သေဒဏ်ခံရခြင်းက နှစ်ဆနီးပါးရှိကြောင်း၊ လူဖြူ အချင်းချင်းသတ်မှုကြောင့် သေဒဏ်အပြစ်ပေးခံရခြင်းထက် လူမည်းက လူဖြူကို သတ်မှုကြောင့် သေဒဏ်အပြစ်ပေးခံရသူက နှစ်ဆခွဲပိုများနေကြောင်း၊ ယင်းတွေ့ရှိချက်များကို သုံးသပ်ကြည့်ခြင်းဖြင့် လူဖြူ၏ အသက်ကို လူမည်း၏အသက်ထက် ပိုပြီး တန်ဖိုးထားရာ ရောက်နေတယ်လို့ ကောက်ချက်ထွက်နေကြောင်း ဆောင်းပါးတစ်စောင်မှာ ဖော်ပြထားတာကို လေ့လာဖတ်ရှုခဲ့ရပါတယ်။

အဲဒီလို ကိုယ့်မျက်ချေးကို ကိုယ်မမြင်ဘဲ အခြားသောနိုင်ငံများကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ဖျက်ဆီးနေတဲ့ အမေရိကန်အစိုးရရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်တဲ့ သတင်းတွေဟာ ကမ္ဘာ့မီဒီယာလောကမှာ ပလူပျံနေပါတယ်။ မှားယွင်းတဲ့ ထောက်လှမ်းရေး သတင်းအချက်အလက်တွေကို လုပ်ကြံဖော်ပြပြီး စစ်လိုလားသူတွေရဲ့ အားပေးထောက်ခံမှုနဲ့ အမေရိကန်သမ္မတ ဘုရှ်ဟာ အီရတ်နိုင်ငံကို တစ်ဖက်သတ် ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ အီရတ်နိုင်ငံအတွင်း စစ်တလင်းဖြစ်ခဲ့ပြီး ကမ္ဘာပေါ်မှာ အကြမ်းဖက်သွေးချောင်းစီး တိုက်ခိုက်မှုတွေ ပိုမိုများပြားလာစေခဲ့ပါတယ်။

ကမ္ဘာ့ပြည်သူအများစုက အမေရိကန်ဦးဆောင်တဲ့ အီရတ်ကျူးကျော်စစ်ပွဲကြောင့် ကမ္ဘာတစ်ဝန်းလုံးမှာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပိုမိုများပြားလာကြောင်း၊ ကမ္ဘာ့လူသားများရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးဟာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေကြောင်း စစ်တမ်းအသီးသီးမှာ ထုတ်ဖော်ဖွင့်ဟ နေကြပါတယ်။ အမေရိကန် ကျူးကျော်စစ်ရဲ့ နောက်ဆက်တွဲအဖြစ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေလည်း ဆက်တိုက် ပေါ်ပေါက်လာခဲ့ပါတယ်။ အာဖဂန်နစ္စတန်၊ အဘူဂါရိပ်နဲ့ ဂွမ်တာနာမို အကျဉ်းစခန်းတွေမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ပုံတွေကို ၂၀၀၄ ခုနှစ်က ကမ္ဘာတစ်ဝန်းလုံးမှ ပြည်သူတွေ မြင်တွေ့ကြားသိခဲ့ရပြီး တုန်လှုပ် ချောက်ချားခဲ့ကြရပါတယ်။ ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ်အကျဉ်းစခန်းမှာ အကျဉ်းသားတွေကို ညှဉ်းပန်းနှိပ်စက်နေပြီး လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေတဲ့ နည်းမျိုးစုံနဲ့ ဆက်ဆံနေမှုတွေ ရပ်တန့်သွားခြင်းမရှိဘဲ ဆက်လက် ဖြစ်ပွားမြဲဖြစ်ပွားနေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၀၆ ခုနှစ် မတ်လ ၆ရက်နေ့မှာ ထုတ်ပြန်လိုက်တဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲဒီ အစီရင်ခံစာမှာ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ ကျူးကျော်သိမ်းပိုက်မှုကို ခံနေရတဲ့ အီရတ်ပြည်သူတွေရဲ့ လူ့အခွင့်အရေး အခြေအနေတွေဟာလည်း စိုးရိမ်ဖွယ် ကောင်းနေဆဲဖြစ်ကြောင်း ဖော်ပြထားတာတွေ့ရှိရပါတယ်။

အမေရိကန်ဟာ အကြမ်းဖက်မှု ကာကွယ်ရေးစစ်ပွဲလို့ လူကြားကောင်းအောင် အကြောင်းပြပြီး နိုင်ငံရပ်ခြားတွေမှာ CIA လျှို့ဝှက်အကျဉ်း စခန်းများ ဖွင့်လှစ်စစ်ဆေးနေကြောင်း၊ ဥရောပနိုင်ငံအချို့ရဲ့ အချုပ်အခြာ အာဏာကိုတောင် မလေးမခန့်ပြုလုပ်ပြီး အဲဒီနိုင်ငံတွေရဲ့ လေဆိပ်တွေကို စိတ်ကြိုက်သုံးကာ အကျဉ်းသားတွေကို သယ်ယူရွှေ့ပြောင်းနေကြောင်း သတင်းတွေဟာ ကမ္ဘာ့ပြည်သူတွေရဲ့ စိတ်နှလုံးကို ညှိုးချုံးစေတဲ့ သတင်းတွေပဲဖြစ်ပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ကျူးဘားရှိ ဂွမ်တာနာမို အကျဉ်းစခန်းမှာ ထိန်းသိမ်းထားသူများကို ညှဉ်းပန်းနှိပ်စက်မှုတွေ ရှိနေဆဲဖြစ်လို့ စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုထားတဲ့ အစီရင်ခံစာတစ်စောင်ကို မကြာမီက ထုတ်ပြန်ထားပါတယ်။ ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်သင့်တယ်လို့ တောင်းဆိုထားတဲ့ အစီရင်ခံစာကို အမေရိကန်နိုင်ငံက ဒေါသတကြီးနဲ့ ပယ်ချခဲ့ပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်နိုင်ငံအနေနဲ့ အဲဒီအကျဉ်းစခန်းကို အနှေးနဲ့အမြန် ပိတ်ပစ်ရမည်သာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ အမေရိကန်အာဏာပိုင်များအနေနဲ့ ဂွမ်တာနာမိုမှ အကျဉ်းသားအားလုံးကို ဥပဒေနဲ့အညီ တရားစွဲရင်စွဲ၊ ဒါမှမဟုတ်ရင် နောက်ထပ်အချိန်ဆွဲ မနေဘဲလွှတ်ပေးသင့် သူများကို လွှတ်ပေးသင့်ကြောင်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတယ်လို့ သိရပါတယ်။

အမေရိကန်အစိုးရရဲ့ အဲဒီလိုဗိုလ်ကျစိုးမိုး အနိုင်ကျင့်တဲ့လုပ်ရပ်တွေကို အားလုံးက ဝိုင်းဝန်းပြီးပြစ်တင် ဝေဖန်နေပေမယ့် အမေရိကန်အစိုးရကတော့ တစ်ကိုယ်တော် ထင်ရာစိုင်းနေမြဲဖြစ်ပါတယ်။ စစ်အေးလွန်ကာလမှာ အမေရိကန်နိုင်ငံဟာ တစ်ကမ္ဘာလုံးအပေါ်ကနေ အမြတ်ထုတ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပေါ်ပေါက်လာပြီး ပိုမိုလွတ်လပ်တဲ့ ကုန်သွယ်မှုယန္တရား ဖော်ဆောင်ဖို့ အကြောင်းပြထားပေမယ့် အမေရိကန် စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်မှုကို အားပေး နေတာသာဖြစ်တယ်လို့ ဆိုပါတယ်။

အမေရိကန်နိုင်ငံဟာ ၎င်းတို့ရဲ့ မဟာဗျူဟာအတွက် ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံအဖြစ် ဩဇာလွှမ်းမိုးမှုရရှိအောင် ဆောင်ရွက်ရာမှာ ကုလသမဂ္ဂနဲ့ အခြားသောအဖွဲ့အစည်းတွေရဲ့ အကာအကွယ်ကိုလည်း ယူခဲ့ပါတယ်။ အဲဒီအဖွဲ့အစည်းတွေဟာ အမေရိကန်ရဲ့အကျိုးစီးပွားနဲ့ ဆန့်ကျင်ဘက်ကနေ ရပ်တည်လာပြီဆိုရင်လည်း တစ်ကိုယ်တော်ထင်ရာ စိုင်းဖို့ ဝန်မလေးနေပါဘူး။ အီရတ်နိုင်ငံကို ဝိုင်းပယ်ဆန့်ကျင်ရေးအတွက် အမေရိကန်အစိုးရဟာ ကုလသမဂ္ဂအဖွဲ့ကြီးကို အသုံးချခဲ့ပါတယ်။ ကုလသမဂ္ဂက အမေရိကန်ရဲ့မူဝါဒကို လိုက်လိုက်

> တကယ်တော့ အမေရိ... ၎င်းတို့မလိုမုန်းထားတဲ့ နိုင်... ပြောင်းလဲတိုးတက်မှုတွေကို... ဥပေက္ခာ ပြုပြီး ပြဿနာကို... မီးခွက်ထွန်းပြီး ရှာနေတာနဲ့... တယ်။ အဲဒီလို နိုင်ထက်... စိုးမိုးရေးဝါဒကြောင့် အမေရိ... ကိုယ်ပတ် ဓာတ်လမ်းတွေ... တွေနဲ့ နပုံးတွေ့ ဒူးတွေ့ရင်... တစ်ကမ္ဘာလုံးက သိထား...

လျှော့လျှော့ မရှိတဲ့အခါ မှာ ကုလသမဂ္ဂကို... တာဝန်တွေကို မျက်နှာပြောင်တိုက်ပြီး ငြင်း... ကို ပမာမခန့်လုပ်ပြီး ၎င်းတို့ အလွယ်တကူ... အဖွဲ့အစည်းတွေကို တစ်ဖက်လှည့်ပြီး အ...

အမေရိကန်အစိုးရဟာ ကမ္ဘာ့ပြည်သူ... တကြီး ထဲထဲဝင်ဝင် ဆောင်ရွက်ရမယ့် ကို... နေပြီး မူလသဘောတူညီထားတဲ့ သဘော... နေပါတယ်။ ဒါကြောင့်မို့ အမေရိကန်အစိုး... မနှစ်မြို့ကြတဲ့ ဥရောပနဲ့ ကမ္ဘာတစ်ဝန်းမှ... ဆန္ဒပြမှု တွေပြုနေကြတာ အားလုံးအသိ... ဘုရှ်အစိုးရဟာ အပြည်ပြည်ဆိုင်ရာ ရာ... ၁၉၇၇ခုနှစ် ဆိုဗီယက်နဲ့ သဘောတူချုပ်ဆို... များ ကန့်သတ်ဖျက်သိမ်းရေး သဘောတူစာ... ကိုလည်း ငြင်းပယ်ခဲ့ပါတယ်။

အဲဒီလို စိတ်ထင်တိုင်းကြဲနေတဲ့ အမေ... အရေး အစီရင်ခံစာဆိုတာကို ကမ္ဘာပေါ်မှာ... ရေးအတွက် ခုတုံးလုပ်အသုံးချနေပေမယ့်... လူသားချင်းစာနာတဲ့ လုပ်ငန်းတွေမှာ... အကျိုးပြုမှုမရှိဘဲ စတိသဘောလောက်သာ... ဖြစ်ပါတယ်။ ဆူနာမီ၊ ဟာရီကိန်းနဲ့ အာ... တောင်အာရှငလျင်စတဲ့ သဘာဝဘေးအန္တ... လူသားအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့... စုစုပေါင်း နိုင်ငံ့ကုန်ထုတ် တန်ဖိုးရဲ့ သုည... အနိမ့်ဆုံးထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိ... လူ့အခွင့်အရေးဆိုတာကို ဟန်ရေးပြပြီး တ... လုပ်ငန်းတွေကို လျစ်လျူရှုနေတဲ့ အမေရိကန်... လုပ်ရပ်ကြောင့် ကွန်ဂိုလိုနိုင်ငံမျိုးမှာ နေ့... အသက်ဆုံးရှုံးနေရကြောင်း ဖတ်ရှုလိုက်...

အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါ... ခေါင်းထောင်ထလာမှုသာဖြစ်ကြောင်း က... ပြည်သူတွေက ရှုမြင်နေကြပါတယ်။ အမေ... လုပါတယ်ဆိုတဲ့ ဗြိတိသျှဝန်ကြီးချုပ် တို... တယ်ဆိုတာကို တိုင်ပင်ညှိနှိုင်းခံရတဲ့အဆ... ရိကန်က ဘာလုပ်တော့မယ်ဆိုတာကို... အဆင့်မျှသာ ရှိနေတယ်လို့ ဆိုပါတယ်။... အမေရိကန်အစိုးရတွေဟာ နိုင်ငံတကာပြဿ... ၎င်းတို့ရဲ့ စစ်ရေး၊ စီးပွားရေး အင်အားသာ... ကမ္ဘာ့နိုင်ငံအားလုံး ၎င်းတို့ အလိုကျ ဖြစ်... ဆန့်ကျင်ပြီး တစ်ဖက်သတ် ယူဆထား...

အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအ... ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အ... နိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံနိုင်ငံ... ဆက်ဆံတဲ့ ပုံစံအတိုင်းဖြစ်နေတယ်လို့ ... ရေးရာကော်မရှင်နာ ခရစ်ပက်တန်က ... တယ်။ ။

> အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကို မဆိုထားနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အခါမှာ တောင် အင်ပါယာနိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံ နိုင်ငံများကို မောက်မောက်မာမာ ဆက်ဆံတဲ့ ပုံစံအတိုင်း ဖြစ်နေတယ်လို့ ယခင်ဥရောပသမဂ္ဂ ပြည်ပရေးရာ ကော်မရှင်နာ ခရစ်ပက်တန်က ဝေဖန်ထောက်ပြထားပါ တယ်။

...စိုးမိုးရေးဝါဒ

စာဖတ်သူတစ်ဦး

တကယ်တော့ အမေရိကန် အစိုးရဟာ ၎င်းတို့မလိုမုန်းထားတဲ့ နိုင်ငံတွေရဲ့ ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုတွေကို လျစ်လျူရှု ဥပေက္ခာ ပြုပြီး ပြဿနာကို ခါတ်ဆီလောင်း မီးခွက်ထွန်းပြီး ရှာနေတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံထက်စီးနင်း ဗိုလ်ကျစိုးမိုးရေးဝါဒကြောင့် အမေရိကန်ဟာ ကိုယ့်ရှုးကိုယ်ပတ် ဇာတ်လမ်းတွေ၊ အရှုပ်တော်ပုံတွေနဲ့ နပူးတွေ့ ဒူးတွေ့ရင်ဆိုင်နေရတာကို တစ်ကမ္ဘာလုံးက သိထားကြပါတယ်။

လျော့လျော့ မရှိတဲ့အခါ မှာ ကုလသမဂ္ဂကို အမေရိကန်က ပေးရမယ့် တာဝန်တွေကို မျက်နှာပြောင်တိုက်ပြီး ငြင်းဆန်ခဲ့ပါတယ်။ ကုလသမဂ္ဂကို ပမာမခန့်လုပ်ပြီး ၎င်းတို့ အလွယ်တကူ လွှမ်းမိုး ခြယ်လှယ်နိုင်တဲ့ အဖွဲ့အစည်းတွေကို တစ်ဖက်လှည့်ပြီး အသုံးချခဲ့ပြန်ပါတယ်။

အမေရိကန်အစိုးရဟာ ကမ္ဘာ့ပြည်သူတွေအားလုံးအတွက် အရေးတကြီး ထဲထဲဝင်ဝင် ဆောင်ရွက်ရမယ့် ကိစ္စတွေကိုတော့ ခေါင်းရှောင်နေပြီး မူလသဘောတူညီထားတဲ့ သဘောတူညီချက်တွေကို ချိုးဖောက်နေပါတယ်။ ဒါကြောင့်မို့ အမေရိကန်အစိုးရရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒကို မနှစ်မြို့ကြတဲ့ ဥရောပနဲ့ ကမ္ဘာတစ်ဝန်းမှ ပြည်သူတွေက ဆန့်ကျင်ဆန္ဒပြမှု တွေပြုနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါပေမယ့် ဘုရှ်အစိုးရဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှ ထွက်ခွာပြီး ၁၉၇၇ခုနှစ် ဆိုဗီယက်နဲ့ သဘောတူချုပ်ဆိုခဲ့တဲ့ တိုက်ချင်း ပစ်ဒုံးကျည်များ ကန့်သတ်ဖျက်သိမ်းရေး သဘောတူစာချုပ် သက်တမ်းတိုးမြှင့်ရေးကိုလည်း ငြင်းပယ်ခဲ့ပါတယ်။

အဲဒီလို စိတ်ထင်တိုင်းကြဲနေတဲ့ အမေရိကန်အစိုးရဟာ လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ကမ္ဘာပေါ်မှာ အမေရိကန်ရဲ့ ပုံရိပ်ထင်ပေါ်ရေးအတွက် ခုတုံးလုပ်အသုံးချနေပေမယ့် ကမ္ဘာ့ပြည်သူတွေအတွက် လူသားချင်းစာနာတဲ့ လုပ်ငန်းတွေမှာ အားတက်သရော ပါဝင် အကျိုးပြုမှုမရှိဘဲ စတိသဘောလောက်သာ ဟန်ပြလုပ်နေတာတွေ့ရမှာ ဖြစ်ပါတယ်။ ဆူနာမီ၊ ဟာရီကိန်းနဲ့ အာဖရိကငတ်မွတ်ခေါင်းပါးမှု၊ တောင်အာရှငလျင်စတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်မှုတွေမှာ လူသားအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အမေရိကန်ပြည်ထောင်စုက စုစုပေါင်း နိုင်ငံ့ကုန်ထုတ် တန်ဖိုးရဲ့ သုည ဒသမ ၁၄ ရာခိုင်နှုန်းသာ အနိမ့်ဆုံးထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရပါတယ်။ တစ်ဖက်က လူ့အခွင့်အရေးဆိုတာကို ဟန်ရေးပြပြီး တစ်ဖက်က လူသားအကျိုးပြုလုပ်ငန်းတွေကို လျစ်လျူရှုနေတဲ့ အမေရိကန်အစိုးရနဲ့ အပေါင်းပါတွေရဲ့ လုပ်ရပ်ကြောင့် ကွန်ဂိုလိုနိုင်ငံမျိုးမှာ နေ့စဉ်လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးနေရကြောင်း ဖတ်ရှုလိုက်ရပါတယ်။

အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ဗိုလ်ကျစိုးမိုးရေးဝါဒ ခေါင်းထောင်ထလာမှုသာဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက ရှုမြင်နေကြပါတယ်။ အမေရိကန်သမ္မတဘုရှ်နဲ့ ရင်းနှီးလှပါတယ်ဆိုတဲ့ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲဟာ ဘာလုပ်သင့်တယ်ဆိုတာကို တိုင်ပင်ညှိနှိုင်းခံရတဲ့အဆင့် မဟုတ်တော့ဘဲ အမေရိကန်က ဘာလုပ်တော့မယ်ဆိုတာကို ကြိုတင်အသိပေးခံရတဲ့ အဆင့်မျှသာ ရှိနေတယ်လို့ ဆိုပါတယ်။ စစ်အေးကာလနောက်ပိုင်း အမေရိကန်အစိုးရတွေဟာ နိုင်ငံတကာပြဿနာတွေကို ကိုင်တွယ်ရာမှာ ၎င်းတို့ရဲ့ စစ်ရေး၊ စီးပွားရေး အင်အားသာလွန်ကြီးမားမှုကို မဏ္ဍိုင်ပြုပြီး ကမ္ဘာ့နိုင်ငံအားလုံး ၎င်းတို့ အလိုကျ ဖြစ်ရမယ်လို့ လောကနိယာမနဲ့ ဆန့်ကျင်ပြီး တစ်ဖက်သတ် ယူဆထားသူတွေ ဖြစ်ပါတယ်။

အမေရိကန်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကို မဆိုထားနဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်များကို ဆက်ဆံတဲ့ အခါမှာတောင် အင်ပါယာနိုင်ငံကြီး တစ်နိုင်ငံက လက်အောက်ခံနိုင်ငံများကို မောက်မောက်မာမာ ဆက်ဆံတဲ့ ပုံစံအတိုင်းဖြစ်နေတယ်လို့ ယခင်ဥရောပသမဂ္ဂ ပြည်ပရေးရာကော်မရှင်နာ ခရစ်ပက်တန်က ဝေဖန်ထောက်ပြထားပါတယ်။ ။

နတ်လူသာစုခေါ်စေဖို့

* အမေရိကန်စံ
အခြေခံကာ ရေး
လူ့အခွင့်အရေး အစီရင်ခံစာ
ကြည့်လိုက်ပါက
ကမ္ဘာတစ်လွှား၊ မြောက်မြားနိုင်ငံ
အတန်တန်သည်၊ အမေရိကန်စံ
အံမဝင်တာ၊ တွေ့နိုင်ပါ၏။

* ဤသည့်ခြေနေ၊ ကြည့်လိုက်လေက
လူတွေများပြား၊ ကမ္ဘာသားတို့
ရှိထားအမှန်၊ စိတ်သန္တာန်သည်
အမေရိကန်၏၊ ပုံစံချထား
လူ့အခွင့်အရေးများကို
လားလားမျှပင်၊ မကြိုက်ချင်ကြောင်း
ကောင်းကောင်းဖော်ပြ၊ မြင်နိုင်ကြ၏။

* ဤဖော်ပြမှု၊ သတိပြု၍
ရေးရှုနောင်ခါ၊ ကိုယ့်ပြည်ရွာကို
ကမ္ဘာ့လူသား၊ များအပြား၏
စိတ်ထားနှင့်အညီ၊ ပြုပြင်သည်က
ဒီမိုကရေစီ၊ တိုင်းပြည်ထိပ်သီး
ဂုဏ်ဟိတ်ကြီးကို၊ ဖြည့်ဆည်းနိုင်မှာ
မလွဲပါဟု၊ စေတနာရေးရှု
အကြံပြုသည်
နတ်လူသာစုခေါ်စေဖို့။ ။

ဖိုးဝ

သမိုင်းဝင် ဆံတော်ရှင်မဟာမကုဋရုံသီမြတ်မော်တင်စေတီတော် ဘက်စုံအလှူငွေအဖြစ် ရော၀တီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ ပုသိမ်မြို့ သီရိသုဓမ္မသိင်္ဂီ ဦးကျင်ဟန်၊ ဒေါ်ခင်မြင့် (ရွှေစိန်နီလာစတိုး)က အလှူငွေကျပ် ၇၅သိန်းကို ဖေဖော်ဝါရီ ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

သဃ်န်းကျွန်းမြို့နယ် (ဇ)တောင်ရပ်ကွက်ရှိ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်တွင် (၁၆)ကြိမ်မြောက် သင်္ကြန်ရက် ဝိပဿနာတရားစခန်း၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ နှစ်ဆန်းတစ်ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများသည် ဧပြီ ၁ရက် ညနေ ၄နာရီ နောက်ဆုံးထားစာရင်းပေးသွင်းရန်နှင့် ဧပြီ ၇ရက် ညနေ ၄နာရီ စခန်းဝင်ရောက်ကြရန် ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့မှ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မန္တလေးမြို့၌ တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၇

မန္တလေးမြို့ ဈေးချို အောင်သပြေဆေးဆိုင် ဦးအောင်ထွန်းသိန်း (ခ) ကိုဦး-ဒေါ်လွင်မာအောင်၊ သား မောင်မင်းသန့်ကျော် မိသားစုတို့၏ ရှင်ပြုအလှူမင်္ဂလာသဘင်၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ် ၁၈ရက်၌ အရှင်ခေမာစာရ (မိုးကုတ် ဝိပဿနာ)၊ မတ် ၁၉ ရက်၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ မတ် ၂၀ ရက်၌ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)တို့က ညစဉ် ၇ နာရီမှစ၍ ၈၂ လမ်း၊ ၂၃x၂၄ လမ်းကြား ရွှေကျီးနားဓမ္မာရုံ ရွှေကျီးမြင်ဘုရား၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

လယ်ဝေးမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနများကို ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနဖြစ်သည့် လယ်ဝေးမြို့နယ် အေလာအခြေခံပညာအထက်တန်းကျောင်းသို့ ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ရောက်ရှိ၍ ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများကို လိုက်လံကြည့်ရှုအားပေးရာ စာဖြေသူများ စနစ်တကျ ဖြေဆိုနေကြသည်ကို တွေ့ရှိရပြီး ဝန်ကြီးက ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းကမ်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀နာရီ ၃၅မိနစ်တွင် လယ်ဝေးမြို့နယ် သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနသို့ ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများ၌ စာဖြေခံထားရှိမှုများ၊ စနစ်တကျ ဖြေဆိုနေကြခြင်းများကို လှည့်လည်ကြည့်ရှုကာ ကြိုးစားပြီး ဖြေဆိုကြရန်နှင့် စည်းကမ်းတကျ ဖြေဆိုကြရန် တိုက်တွန်းအားပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စာမေးပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိသည်များကိုလိုက်လံကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးက ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား ဖြေဆိုသူများ စိတ်အနှောင့်အယှက် မဖြစ်စေဘဲ စိတ်လက်ကြည်သာစွာ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် စာမေးပွဲစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ဆောင်ရွက်နေကြသူများနှင့် တရင်းတနှီးတွေ့ဆုံပြီး ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မသမာမှုကင်းရှင်းပြီး စနစ်တကျ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးမောင်မောင်-ဒေါ်ခင်မြဦး (ရတနာမုခ)မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်သိန်း ၂၀ ကို တိပိဋကဓရ ဆရာတော်များရှေ့တွင် ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဆင်မင်းဦးတင်ရွှေနှင့် ဒု-ဥက္ကဋ္ဌ ဆရာ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	အကပြိုင်ပွဲ
၈း၀၅	၇။	ပိုင်ကျုံရေထိန်းတံခါး
၈း၂၀	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅	၅။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂း၅၅	၆။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၀၅	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း "နွေးထွေးစွာကြိုဆိုခြင်း" (သျှားညို၊မင်းသူ၊ဇာနည်၊ မင်းထက်ကျော်ဇင်၊မြသဉ္ဇာလီ၊ ခိုင်နှင်းဝေ၊ဆုပန်ထွာ) (ဒါရိုက်တာ-သက်တင်)**
၂း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၃၅	၉။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၂း၄၅	၁၀။	International News.
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြုများ)(ရုက္ခဗေဒ)
၅း၀၀	၅။	တေးဂီတအစီအစဉ်
၅း၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၅း၂၅	၇။	တေးဂီတအစီအစဉ်
၅း၃၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	Discovery
၆း၅၀	၁၂။	အကပြိုင်ပွဲ
၇း၀၀	၁၃။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၁၅	၁၄။	အတီးပြိုင်ပွဲ
၇း၃၀	၁၅။	တေးဂီတအစီအစဉ်
၇း၄၀	၁၆။	ဝမ်ပုံရေလှောင်တမံ
၇း၄၅	၁၇။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၁)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏ အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ **လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ **ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ **ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိ(ရွှေတိဂုံပုံတူ) ၁၀၈ပေ စေတီတော်အတွက် အလှူတော်ငွေကျပ် သိန်း ၃၀ကို သဃ်န်းကျွန်းမြို့နယ်နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ဒေါ်ဥမ္မာမိသားစုက သာသနာပြုအောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို မတ် ၉ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့သန်း စတုတ္ထတန်းကျောင်းသူ မမေသဇင်မျိုးအား လက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

မီးဘေးရှောင် မလောင်ခင်တား



(18-3)10.P65 1 1/1/32, 4:14 PM

မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ကြက်နှင့် ငုံးများသေဆုံးမှုနှင့် ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အရေးယူဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်နှင့် ငုံးများ သေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မတ် ၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းထုတ်ပြန်ကြေညာချက်နှင့် သတိပေးနှိုးဆော်ချက်များထည့်သွင်း ဖော်ပြခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၌ ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစ၍ မတ် ၁၆ရက် အထိ ရောဂါဆက်လက် ဖြစ်ပွားခြင်း မရှိတော့ကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်(ဧးကုန်းမြို့နယ်ခွဲ) မန္တလေးတိုင်း ပြည်ကြီး တံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံ မြို့နယ်နှင့် အမရပူရ မြို့နယ်တို့ရှိ ကြက်ခြံများနှင့် ငုံးခြံများ၌ ရောဂါဖြစ်ပွားမှုကို ထိန်းသိမ်း ရပ်တန့်သွားစေရန် အတွက်သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီတို့၏ လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ရောဂါ ဖြစ်ပွားသည့် နေရာများတွင် ရောဂါကန့်သတ်ဇုန်အဖြစ် သတ်မှတ်၍ ကြက်များအဝင် အထွက်၊ အရွှေ့ အပြောင်းပိတ်ပင်ခြင်း၊ ဈေးများ၌ ကြက်၊ ဘဲဒိုင်နှင့် ကြက်သား အရောင်း ဆိုင်များ ယာယီပိတ်ပင်ခြင်း၊ စစ်ဆေးမှုအရ ကြက်ငှက်တုပ်ကွေး ရောဂါ သံသယတွေ့ရှိရသည့် ကြက်ခြံများနှင့် ငုံးခြံများရှိ ကြက်နှင့် ငုံးများအား ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်လျက် ရှိသည်။

မတ် ၁၆ရက်အထိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်များ၌ ကြက်ကောင်ရေ ၄၆၂၈ကောင်သေဆုံးခဲ့ပြီး ၈၇၂ကောင်ကို ဖျက်ဆီးခဲ့သည်။ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်တို့၌ ကြက်ကောင်ရေ ၁၀၀၀နှင့် ငုံးကောင်ရေ ၄၄၈၂ သေဆုံးခဲ့ပြီး ကြက်ကောင်ရေ ၁၃၀၉၈၊ ငုံးကောင်ရေ ၂၇၀၁၈နှင့် ငုံးဥလုံးရေ ၅၀၀၀၀ကို ဖျက်ဆီးခဲ့သည်။

၂၀၀၃ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၀၄ ခုနှစ် နှစ်စပိုင်းမှစ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကြက်ခြံပိုင်ရှင်များ၊ ကြက်မွေးမြူသူများ၊ ကြက်မွေးမြူရေးနှင့် ဆက်စပ်သည့် ဝန်ထမ်းများအား ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်မှုနှင့် ပတ်သက်၍ လူထုပညာပေး လုပ်ငန်းများ (Public Awareness) ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယနေ့အထိလူများသို့ ရောဂါကူးစက်ခြင်း မရှိကြောင်း စစ်ဆေးချက်များအရ သိရှိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရောဂါ ထိန်းချုပ်ရေးအဖွဲ့နှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများနှင့်အတူ မတ် ၁၆ ရက်တွင် မန္တလေးတိုင်းသို့ ရောက်ရှိပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်း လိုအပ်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အရှေ့တောင်အာရှ ဒေသ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ ဗန်ကောက်အခြေစိုက်ရုံးမှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွား သည့် နေရာများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ရောဂါနမူနာပစ္စည်းများကို ရောဂါဖြစ်ပွားမှု အတည်ပြုနိုင်ရန်အတွက် ဒေသဆိုင်ရာ ကိုးကားဓာတ်ခွဲခန်းများသို့ ပေးပို့ ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မတ် ၁၁ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃလမ်း အမှတ် ၅၀၉(က)နေ ဦးကျော်ငွေ-ဒေါ်လှမြင့်မိသားစုတို့က ကွယ်လွန်သူသားကြီး ကိုမင်းယုအား ရည်စူး၍ ကျိုက္ကဆံ ပထမရွှေကျင် တိုက်နှင့် သန်လျင် ဖားအောက်တောရကျောင်းများ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းစီလှူဒါန်းပြီး နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ် တစ်သိန်း ခြောက်သောင်းကို အသင်းအတွင်းရေးမှူး ဦးစန်းမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။

(၃၁၄)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နေ လူတွင်ကူးစက်မှု သံသယဖြစ်ပွယ် မတွေ့ရှိ

ရန်ကုန် မတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်သည့် လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်း ဓာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၁၆ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းခန်းမတွင် ကျင်းပလျက်ရှိသည်။ မတ် ၁၇ရက်က ဒုတိယနေ့ ဆက်လက်ကျင်းပရာသို့ ကြေးမုံသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေး ဦးစီးဌာနဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းက ကျန်းမာရေးဝန်ကြီးဌာနသည် လူတွင် ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းထား ကြောင်း၊ ဥက္ကဋ္ဌမှာ ကျန်းမာရေးဝန်ကြီး ဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး ဖြစ်ကြောင်းရှင်းပြသည်။

ဆက်လက်၍ ရှင်းပြရာတွင် ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက် ရောဂါတိုက်ဖျက်ရေးဌာနနှင့် ပြည်နယ် နှင့်တိုင်းများရှိ အထူးရောဂါ နှိမ်နင်းရေး အဖွဲ့များပါဝင်သော(Rapid Response Team) များဖွဲ့စည်း၍ ရောဂါကြိုတင် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း အရှိန် အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် အတွက် လူတွင်ဖြစ်ပွားနိုင်သော ကြက်ငှက် တုပ်ကွေးရောဂါလက္ခဏာများကိုကျန်းမာ ရေးဝန်ထမ်းများ အားလုံးအား ရှင်းလင်း ပြောကြားထားပြီးဖြစ်ကြောင်း ရှင်းပြ သည်။

ရောဂါလက္ခဏာ သံသယရှိသူ များကို စောင့်ကြပ်ကြည့်ရှုပြီး နေ့စဉ် သတင်းပေးပို့ခြင်း၊ ကြက်ငှက်များ သေဆုံးမှုကို နေ့စဉ်သတင်းရယူခြင်း၊ တုပ်ကွေးရောဂါ လက္ခဏာများနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ ဖြစ်ပွားသူအား နေ့စဉ်သတင်းရယူခြင်း၊ ကြက်ဘဲဒိုင်များတွင် ရောဂါဖြစ်ပွား မှုအခြေအနေ နေ့စဉ်စောင့်ကြပ်ကြည့်ရှု ခြင်း၊ နယ်မြေအလိုက် ကြက်ဘဲအဝင် အထွက် ပိတ်ပင်ထားခြင်း၊ ရောဂါ ဖြစ်ပွားသည့် ကြက်ခြံများမှ ကြက်များ ကို ဖျက်ဆီးစွန့်ပစ်ခြင်းများနှင့် ကြက်ခြံ များတွင် ပိုးသန့်စင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း အခြေ အနေများ သတင်းရယူခြင်းနှင့် ကြက်ခြံ ပိုင်ရှင်များ၊ ကြက်ခြံလုပ်သားများ၊ မိသားစုအားလုံးကို ကြက်ငှက်တုပ်ကွေး ရောဂါနှင့် ပတ်သက်၍ အသိပညာပေး ပြီး ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။

ဆက်လက်၍ဒေါက်တာစိုးလွင်ငြိမ်းက ပြောကြားရာတွင် ရောဂါဖြစ်ပွားသော လူနာများအား စနစ်တကျ ထိရောက်စွာ ကုသနိုင်ရေးအတွက်ဆေးရုံများတွင်သီးသန့် လူနာဆောင်များ စီစဉ်ဆောင်ရွက် ထားကြောင်း၊ ရောဂါအကာအကွယ် ပစ္စည်း (Personal Protective Equipment) Antiviral (Tamiflu)၊ ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ (Rapid Text Kit)များ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားသည့် နေရာများသို့ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက် ထားကြောင်း၊ မဖြစ်ပွားသေးသည့် ပြည်နယ်နှင့်တိုင်းများသို့လည်း ကြိုတင် ပေးပို့ ဖြန့်ဖြူးထားကြောင်းနှင့် ယနေ့ အထိ လူတွင် ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်မှု သံသယဖြစ်ဖွယ် မတွေ့ရှိသေးကြောင်း ပြောကြားသည်။

ဆောင်းခိုငှက်များမှတစ်ဆင့် ကြက်ငှက်တုပ်ကွေး ကူးစက်နိုင်ပုံကို လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

သတင်းမှတ်စုနှင့် ဓာတ်ပုံ- ဌေးအောင်(ကြေးမုံ)



ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့်နေရာများနှင့်ရောဂါဖြစ်ပွားသော လူနာများအား စနစ်တကျ ကုသရာတွင် အသုံးပြုသည့် ရောဂါအကာအကွယ်ပစ္စည်း (Personal Protective Equipment) ဝတ် ဆင်ထားပုံကိုတွေ့ရစဉ်။ (ကြေးမုံ)

ထို့နောက် ဒေါက်တာ စိုးလွင်ငြိမ်းက ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု အား ဖြစ်ပွားပါက ရောဂါဖြစ်ပွားမှု အချိန်မီ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါဖြစ်ပွားနေသော ကြက်ခြံများရှိ ကြက်များအား သုတ်သင်ဖျက်ဆီးခြင်း၊ သေဆုံးသောကြက်များအား စနစ်တကျ စွန့်ပစ်ခြင်းနှင့် ကြက်ခြံများအား ပိုးသန့်စင်ခြင်းလုပ်ငန်းများပိုမိုထိရောက် စွာ ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန် ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း ကြေးမုံသို့ ပြောကြား သွားသည်။

(ကြေးမုံ)

ဘူမိဗေဒကျောင်းသားဟောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

၁၉၇၈ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မတ် ၂၅ရက် (စနေနေ့) ညနေ ၆ နာရီခွဲတွင် အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်း အားကစားကွင်းအနီးရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြထူး၊ ကျော်ထူး ဖုန်း-၅၅၈၄၆၁၊ အေးကိုကို၊ နေဝင်း ဖုန်း-၅၄၈၄၁၄၊ အောင်ကြိုင် ဖုန်း-၀၉-၅၀၀၂၉၇၄၊ ဟန်ငြိမ်း ဖုန်း- ၂၀၂၈၀၂၊ အောင်ကျော်ထွန်း ဖုန်း- ၅၅၈၃၀၇၊ တင်ဦး ဖုန်း-၅၂၆၂၃၁၊ စည်အောင် ဖုန်း-၂၉၇၇၈၀၊ လှအောင် ဖုန်း-၀၉-၅၁၄၇၀၆၅၊ အောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ သောင်းလွင် ဖုန်း- ၀၅၂-၂၁၀၄၆ တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မတ်၁၃ရက်ကဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမက (၁)တွင် ၂၀၀၅-၂၀၀၆ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ပထမတန်း ဘက်စုံထူးချွန်ပထမဆုရရှိသော မောင်ကောင်းခန့်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ကြူ ဆုချီးမြှင့်စဉ်။ (၆၃)

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၇

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်း အဝေးသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်း အနားကို ဧပြီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အသက်(၇၅)နှစ်နှင့်အထက် အသင်း ဝင်၏မိဘများ၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့် ခြင်းခံရသော အသင်းဝင်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းနှင့် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်၏ သားသမီး များအားပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို တစ်ပါတည်း ကျင်းပ မည်ဖြစ်ရာ ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဘိုးဘွားစာရင်းနှင့် ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်း မိတ္တူများကို မတ်လ ၂၅ရက် (စနေနေ့) နောက်ဆုံးထား၍ ဒေါက်တာမြင့်နိုင်ဖုန်း-၂၂၀၀၀၇၊ ဦးဝင်းသင် ဖုန်း-၂၅၃၉၄၉၊ ၂၅၀၉၇၈၊ ဦးမြင့်ဆွေ ဖုန်း ၀၉-၅၁၀-၁၈၀၂၊ ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ဒေါ်ခင်နွယ်ဖုန်း-၆၅၀၀၉၁နှင့် ဓမ္မာရုံ ဖုန်း- ၂၅၆၁၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်သို့ စိန့်ပီတာစဘတ်အသင်းနှင့် ဘူခါရက်အသင်းတို့ တက်လှမ်း

စိန့်ပီတာစဘတ် မတ် ၁၇

ရုရှားကလပ်အသင်းဖြစ်သော ဇင်းနစ် စိန့်ပီတာစဘတ် ဘောလုံးအသင်းသည် ကြာသပတေးနေ့က ပြင်သစ်ကလပ်အသင်းဖြစ်သော အိုလံပစ်မာဆေးအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသော်လည်း နှစ်ပွဲပေါင်းရလဒ် (နှစ်ဂိုး–တစ်ဂိုး)ဖြင့် အနိုင်ရရှိကာ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားသည်။

ပွဲချိန် ၆၉ မိနစ်တွင် စိန့်ပီတာစဘတ်အသင်းမှ အလက်ဇန္ဒာကာဇကော့က စတင်ဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် နောက်ထပ် ငါးမိနစ်အကြာတွင် မာဆေး နောက်တန်းလူ ဖရက်ဒရစ်ဒီဟူးက ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။



မတ် ၁၇ ရက်က ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ရီးရဲလ်ဘက်တစ်အသင်းမှ ဂျိုအာကွင်း ဝွန်ဇာလက်က ဂိုးသွင်းနိုင်ရန် ကြိုးပမ်းစဉ်။
(ဓာတ်ပုံ–အင်တာနက်)

စိန့်ပီတာစဘတ်အသင်းသည် မာဆေးအသင်းကို နောက်ထပ် ဂိုးပေးရခြင်းမရှိစေရန် ကြံ့ကြံ့ခံကစားခဲ့သည်။

စိန့်ပီတာစဘတ်အသင်းနှင့် မာဆေးအသင်းတို့သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ပထမအကျော့ ကစားခဲ့ကြသည်။ ယခုပွဲတွင် ထိခိုက်ဒဏ်ရာရရှိထားသော ဂိုးသမားကြီး ဖေဘီယန်ဘားသက်သည်လည်းကောင်း၊ ပွဲပယ်ခံထားရသော ဖရန့်ခ်ရီဘာရီနှင့် ဝီလ်ဆင်အိုရူမာတို့သည်လည်းကောင်း မာဆေးအသင်းတွင် ပါဝင်ကစားနိုင်ခြင်းမရှိပေ။ မာဆေးအသင်းသည် ပထမပိုင်းတွင် စိန့်ပီတာစဘတ်အသင်းထက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိခဲ့သည်။

စတူအာဘူခါရက်–ရီးရဲလ်ဘက်တစ်

စပိန်နိုင်ငံ ဆီဗီးလ်မြို့တွင် ကြာသပတေးနေ့က ကျင်းပသောပွဲတွင် ရိုမေးနီးယားကလပ် အသင်းဖြစ်သော စတူအာဘူခါရက်အသင်းက စပိန်ကလပ်အသင်းဖြစ်သော ရီးရဲလ်ဘက်တစ် အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်းသည် ပထမအကျော့ပွဲတွင် ဂိုးမရှိသရေ ကစားခဲ့ကြသည်။

ထုတ်ပယ်ခံရ

ဘူခါရက်အသင်းမှ ကွင်းလယ်ကစားသမား ဘန်နဲလ်နီကိုလီတာက ၎င်းတစ်ဦးတည်း နှစ်ဂိုးသွင်းပေးခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးက ခြေရည်တူကစားခဲ့ကြပြီး ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ နီကိုလီတာသည် ပွဲချိန် ၅၄ မိနစ်တွင် အဖွင့်ဂိုးသွင်းပေးခဲ့ပြီးနောက် ခြောက်မိနစ်အကြာတွင် ဘက်တစ်တောင်ပံကစားသမား ဂျိုယွန်းဆက်တိုက် အနီကတ်ပြခံရပြီး ထုတ်ပယ်ခံခဲ့ရသည်။

ထပ်မံဂိုးသွင်း

ပွဲချိန် ၇၈ မိနစ်တွင် ဗစ်တိုးရပ်စ်လာကော့ဗ်က ဘူခါရက်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းပေးခဲ့သည်။ ပွဲပြီးဆုံးရန် ကိုးမိနစ်အလိုတွင် နီကိုလီတာက ထပ်မံဂိုးသွင်းနိုင်ခဲ့ရာ ဘက်တစ်အသင်းမှာ လုံးဝနာလန်မထူနိုင်တော့ပေ။

အမ်အင်အေ၊ရိုက်တာ။

လေးပွင့်ဆိုင်ခြေစမ်းပွဲ ဆက်လက်ကျင်းပ (၂၃)နှစ်အောက် လက်ရွေးစင် အသင်းအနိုင်ရ

ရန်ကုန် မတ် ၁၇

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများအား ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင် အသင်းများ ရွေးချယ်ဖွဲ့စည်းရန် ကျင်းပသော လေးပွင့်ဆိုင်အထူး ခြေစမ်းပွဲ တတိယပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ(၂၃)နှစ်အောက်လက်ရွေးစင် အသင်းက ပဏာမလက်ရွေးစင် (က) အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(၂၃)နှစ်အောက် လက်ရွေးစင်အသင်း သုံးဂိုး
(ဆန်းဒေးသိန်း၊ စိုးသီဟအောင်နှင့် မျိုးမင်းထွန်း–တစ်ဂိုးစီ)

ပဏာမလက်ရွေးစင်(က)အသင်း ဂိုးမရှိ ဒိုင်လူကြီး ဦးဟန်သိန်း

(၂၃) နှစ်အောက် လက်ရွေးစင်အသင်းမှာ အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်သေးသော်လည်း ပထမပွဲထက် အချိတ်အဆက်မိမိ ကစားသွားနိုင်ပြီး ဂိုးသွင်းခွင့်များကိုလည်း ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရသွားခြင်းဖြစ်သည်။ ပဏာမလက်ရွေးစင် (က)အသင်း၏ ကစားပုံမှာ ပထမပွဲနှင့် မတူ ပုံမှန်ခြေစွမ်းပျောက်နေ၍ ယခုကဲ့သို့ ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။

နှစ်သင်းစလုံး ပထမပွဲကစားခဲ့သည့် လူစာရင်းမှ သုံး၊ လေးဦးသာ ပြောင်းလဲပွဲထွက်ခဲ့ကြသည်။ ပဏာမလက်ရွေးစင် (က) အသင်းတွင် အားထားရသည့် တိုက်စစ်မှူး ထွန်းမင်းဦး ပထမပွဲတွင် ရရှိခဲ့သော ဒဏ်ရာကြောင့် မပါဝင်နိုင်၍ တိုက်စစ်အားပျော့ခဲ့ပြီး နှစ်သိမ့်ဂိုးတစ်ဂိုးပင်မရခဲ့ပေ။

(၂၃)နှစ်အောက် လက်ရွေးစင်အသင်းတွင် ဂိုး–ကျော်မင်းလှိုင်၊ နောက်တန်း – အောင်ထွန်းလင်း၊ ကျော်ဇေယျာမင်း၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာဝင်း၊ အလယ်တန်း– စိုးသီဟအောင်၊ ဇော်ဇော်(ကျော်ဒွန်း)၊ ခင်မောင်ထွန်း၊ နေဝင်း(မျိုးမင်းထွန်း)၊ ရှေ့တန်းတွင် ဆန်းဒေးသိန်းနှင့် မင်းမင်းထွန်း(ကျော်ဇင်ဝင်း)တို့ ပါဝင်ကစားသွားကြပြီး ပဏာမ လက်ရွေးစင် (က)အသင်းတွင် ဂိုး–သီဟစည်သူ၊ နောက်တန်း–အောင်သူဝင်း(ချမ်းချမ်း)၊ ဇော်ထက်အောင်၊ ဇော်မင်းထွန်း (ထူးကျော်)၊ အောင်ဇော်မျိုး၊ အလယ်တန်း–သူရိန်စိုး(သန်းထိုက်)၊ လှအေးထွေး၊ ကျော်ဌေးဦး၊ သန်းဝဏ္ဏအောင်၊ ရှေ့တန်းတွင် စထက်နိုင်ဝင်းနှင့် ဇင်မျိုးအောင်တို့ ပါဝင်ကစားသွားကြသည်။

အကြိတ်အနယ်

(၂၃)နှစ်အောက်အသင်းမှ နေဝင်းနှင့် ပဏာမလက်ရွေးစင် (က) အသင်းမှ ကျော်ဌေးဦးတို့ အကြိတ်အနယ်။ (ကြေးမုံ)

ယနေ့ပွဲ

ညနေ ၄ နာရီ
(အောင်ဆန်းကွင်း)
ပဏာမလက်ရွေးစင်(ခ)နှင့်
(၂၃)နှစ်အထက်လက်ရွေးစင်

ပြည်သူ့ထံမှပေးစာ

ဆူညံသံများ နားမခံနိုင်

စာတည်းရှင်–

ပဲခူးမြို့ ဒီပါရုံကျောင်းလမ်း ကျောက်ဖူးကုန်း(ခ) နန်းတော်ရာရပ်၌ ဖွင့်လှစ်ထားသော ဆေးပေါ့လိပ်လုပ်ငန်းမှ အလုပ်သမားများသည် နေ့/ည အော်ဟစ်ဆူညံခြင်း၊ အသံချဲ့စက်ဖြင့် သီချင်းသံများ ဆူညံစွာဖွင့်ခြင်း၊ ညအချိန်တွင် ဆိုင်ကယ်စက်သံကို အသံမြှင့်၍ ဆူညံအောင်ပြုလုပ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများအား စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းရှင်–

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်တွင် ခွေးလေခွေးလွင့်များ များပြားစွာရှိနေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

စည်းကမ်းမဲ့ ဘောလုံးကစားသူများဖယ်ရှားပေးပါ

စာတည်းရှင်–

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုသိမ်ညွှန့် (စံပြ)ရပ်ကွက်၊ ဓမ္မစိန္တာအောက်လမ်းတွင် နေ့စဉ်နေ့တိုင်း ညနေ ၄ နာရီမှ မှောင်လာသည့်အချိန်အထိ ဘောလုံးကစားသူများကြောင့် လမ်းသွားလမ်းလာများ သွားရေးလာရေး အခက်တွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဓမ္မစိန္တာသူ

အနံ့ဆိုးအမှိုက်ကန်နှင့် ဆူညံသည့်မီးစက် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးနေ

စာတည်းခင်ဗျား–

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အလံပြဘုရားလမ်းရှိ ပလာဇာကြီးတစ်ခု၏ အမှိုက်ကန်ကို နဝဒေးလမ်းရှိ တိုက်ခန်းများ၏ မျက်နှာစာဘက်တွင် ထားရှိသဖြင့် အနံ့အသက်များ အလွန်ဆိုးရွားပြီး ကျန်းမာရေးကို ထိခိုက်စေပါသည်။

ထို့အပြင် မီးစက်ကြီးများကို အသံလုံစနစ်ဖြင့်မထားသဖြင့် နေ့စဉ်မီးစက်မောင်းချိန်များတွင် နားမခံသာအောင် ဆူညံလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အမှိုက်ကန်နှင့် မီးစက်အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

သစ်ခွဲစက်သံ နားမခံနိုင်

စာတည်းခင်ဗျား–

ရွှေပြည်သာမြို့နယ် ဇီးကုန်းတောင်ပိုင်း အမှတ်(၄)လမ်းမကြီးဘေး မြင်းလှည်းဂိတ်မှတ်တိုင်အနီးရှိ သစ်ဆိုင်တစ်ဆိုင်သည် သစ်ခွဲစက်ကြီးများဖြင့် နေ့စဉ် ခွဲစိတ်လုပ်ကိုင်ဆောင်ရွက်နေပါသည်။ အနီးအနားတွင် နေထိုင်သော ပြည်သူများမှာ သစ်ခွဲစက်သံကြောင့် အနှောင့်အယှက်ဖြစ်နေပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ကွမ်းယာဆိုင်ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီး

၂၅–၂–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တာမွေမြို့နယ် အောင်မင်္ဂလာရပ်ကွက် ဗညားဒလလမ်းနှင့် စပယ်လမ်းထောင့် တိုက်အမှတ်(ဘီ/၁)ဘေးရှိ ကွမ်းယာဆိုင်မှ မဖွယ်မရာ ပြောဆိုနောက်ပြောင်သူများအား တားမြစ်ပေးစေလို ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မုန့်ဟင်းခါးဖိုမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့် (၃) လမ်းရှိ မုန့်ဟင်းခါးဖိုမှ မုန့်ဖတ်များ ထုတ်လုပ်ရာတွင် စီးဆင်းလာသော ရေဆိုးနံ့များကို ပတ်ဝန်းကျင်နေသူများ ရှူရှိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးခံနေရသူများ

ကျောက်တော်မြို့နယ် ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းဖွင့် ရခိုင်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ကျောက်တော် မတ် ၇

ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဂြိုဟ်တုဆက်သွယ်ရေး၊ အိုင်ပီစတား ဆက်သွယ်ရေးတယ်လီဖုန်းလိုင်း ဖွင့်ပွဲကို မတ် ၅ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးချုပ်ရာပြည့်၊ စစ်တွေခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံဌေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်တို့က အိုင်ပီစတား ဂြိုဟ်တုဆက်သွယ်ရေးလိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ဧည့်သည်တော်များက တယ်လီဖုန်းများဖြင့် ဆက်သွယ်ပြောဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ်ပြန်/ဆက်)**

ဒိုက်ဦး အထက ပညာရည်ချွန်ဆုချီးမြှင့်

ဒိုက်ဦး မတ် ၁၇

ဒိုက်ဦးမြို့ ကန်ဦးအထက်တန်းကျောင်း ရွှေရတုကျောင်းသားဟောင်းများ၏ နှစ်စဉ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၉ နာရီက မြို့လယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ရွှေရတု ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြု အမှာစကားပြောကြားသည်။

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲနှင့် ဝိပ္ပံတွဲ ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ချီးမြှင့်ငွေ စုစုပေါင်း ကျပ်တစ်သိန်း တစ်သောင်းကိုလည်းကောင်း၊ စာရိတ္တထူးချွန်ဆုနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့အား စုစုပေါင်း ကျပ်တစ်သိန်း ငါးသောင်းကိုလည်းကောင်း၊ ပညာသင်ထောက်ပံ့ကြေးကို အထက်တန်းလေးဦး၊ အလယ်တန်းခြောက်ဦး၊ မူလတန်းခြောက်ဦးတို့အား စုစုပေါင်း ကျပ်နှစ်သိန်းနှင့် အလှူရှင်ငါးဦးတို့က ကျပ်နှစ်သောင်း ငါးထောင်ကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်နှင့် ကော်မတီဝင်များ၊ အလှူရှင်များက တစ်ဦးချင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

(အပေါ်ပုံ) (၁၃၀)

ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် နွားထိုးကြီးမြို့နယ်၌ ကျင်းပ

နွားထိုးကြီး မတ် ၁၄

နဝမအကြိမ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို မတ် ၄ရက် နံနက် ၁၀ နာရီက ပဒေါင်းကျေးရွာအုပ်စု ညောင်ပင်ရွာကျေးရွာအခြေခံပညာမူလတန်း ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်သန်း၊ မြို့နယ်မိခင်နှင့်ကလေး အသင်း ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့်အဖွဲ့ဝင်များ၊ ပြင်စည်ကျန်းမာရေးမှူး ဦးလှမြင့်၊ ပဒေါင်းကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ကျေးရွာစည်းရုံးရေးမှူး ဦးပိုင်၊ ကျေးရွာမိခင်နှင့်ကလေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူ ၁၅၀ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုး၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့သန်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးလှမြင့်တို့က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ကျန်းမာရေးပညာပေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတို့ ဆွေးနွေးဟောပြောကြသည်။ **(၉၄)**

ကညင်ငူအုပ်စုလုံးကျွတ် စာကြည့်တိုက်ဆိုင်းဘုတ်ဖွင့်

ပန်းတနော် မတ် ၆

ပန်းတနော်မြို့နယ် ကညင်ငူကျေးရွာအုပ်စု ကညင်ငူကျေးရွာ ပန်းစကားစာကြည့်တိုက် ဆိုင်းဘုတ် ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၅ ရက်က ကညင်ငူကျေးရွာ အမကတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်တင်လှိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးစောထွန်းနှင့် ရပ်မိရပ်ဖ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ကျေးရွာ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ် ၃၀၀၊ ကျေးရွာအလှူရှင်များက စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစောထွန်းက လက်ခံရယူသည်။

ထို့နောက် ကညင်ငူအုပ်စုအတွင်းရှိ မြတ်မဥ္ဇူ၊ ပန်းချယ်ရီ၊ ပန်းရည်ဘဏ်တိုက်၊ စပယ်ဖြူ၊ ရွှေနေခြည်နှင့် ရန့်လှိုင်စာကြည့်တိုက် ဆိုင်းဘုတ်များကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

အခြေခံဗုဒ္ဓဘာသာ ဝိပဿနာတရားဟောကြားမည်

ထားဝယ် မတ် ၁၅

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်နယ်လှည့် ဓမ္မကထိက ဆရာတော် ဦးအာသဘ(ဝိနာဝိဒူ) သာသနသက္ကသီလ ဓမ္မာစရိယ B.A Buddhism သာသနတက္ကသီလ မဟာဓမ္မာစရိယ M. A Buddhism (Thesis), M. A (Sri Lanka) Ph.D (Research) သည် (၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်)၊ မတ် ၂၄ရက်မှ ၃၀ ရက်အထိ ခုနှစ်ရက်တိုင်တိုင် အခြေခံဗုဒ္ဓဘာသာဝိပဿနာ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်နှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို ဟောကြားပြသပေးမည်ဖြစ်သည်။

သီးသန့်စခန်းဖြစ်ပြီး အသက် ၁၄ နှစ်မှ ၂၅ နှစ်အတွင်း ကျောင်းသားလူငယ်များအတွက် လူဦးရေကန့်သတ်ထားသည်။

တရားစခန်းပွဲ ဝင်ရောက်လိုသူများ မတ် ၂၃ ရက် နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာဓမ္မာရုံ ရုံးခန်း ဖုန်း– ၀၅၉–၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ချင်းပြည်နယ် ကျီခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေကျပ် သိန်း ၃၀ ဖြင့် တောင်ဇလပ်ကျောက်ချောလမ်းခင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ်တာဝန်ခံ ဦးဝုန်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခမ်ဆွင်းပေါင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ်စည်ပင်)

ဖားကန့် မိခင်နှင့်ကလေး မူကြိုစွမ်းရည်ပြိုင်

ဖားကန့် မတ် ၁၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်း ကလေးငယ်များ၏ စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲနှင့် ကျောင်းဆင်းပွဲအခမ်းအနားကို မတ် ၇ ရက်က မရှိကထောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးအသင်းရုံး မူကြိုကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအောင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနား၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သဗ္ဗုဒ္ဓေဂါထာရွတ်ဆို၍ တိုင်းရင်းသားတေးသရုပ်ဖော်များနှင့် ကဗျာ၊ မော်ဒယ်ရှိုး၊ ပြိုင်ပွဲနှင့် ယပ်တောင်ယိမ်း အက၊ ပြည် တွင်း ဖြစ် ဝတ်စား ဆင်ယင်မှု သရုပ်ပြပွဲများ ပြသပြီး ကျောင်းဆင်း လက်မှတ် ပေးအပ်ကာ ဆုများ ချီးမြှင့်၍ အခမ်းအနား ကို ရုပ် သိမ်း လိုက် သည်။

(၅၃၈)

ကျေးရွာထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ဝက်လက် မတ် ၁၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကံလင်းစံပြကျေးရွာထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၇ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးကြည်ထွန်း၊ လက်ထောက်အင်ဂျင် နီယာ ဦးအောင်ကျော်မြင့်နှင့် ဦးဇော်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်၊ အဖွဲ့ဝင်(၁) ဒုရဲမှူးဦးသန်းဇော်၊ ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြသ

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်သည့် ဦးဥတ္တမလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၁၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပြည်တပ်နယ် ခြစည်းရိုးကြက်ဆူပင် ဧက ၁၀၀ ပျိုးဥယျာဉ် ကြည့်ရှုစစ်ဆေး နေ့စပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ ရက် နံနက် ၇ နာရီက ပြည်မြို့ နယ်မြေခံတပ်ရင်းရှိ ပြည်တပ်နယ် ခြစည်းရိုးကြက်ဆူပင် ဧက ၁၀၀ ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့၏ ခြစည်းရိုးကြက်ဆူပင် ၁၀ ဧကမှ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကြက်ဆူပင် အောင်မြင်ဖြစ်ထွန်းရန် စနစ်တကျစိုက်ပျိုးရေး၊ အပင်သက်တမ်းအလိုက် ကိုင်းဖြတ်ပြုပြင်မှုနည်းစနစ်များကို ဒေသခံတောင်သူများနှင့် ကြက်ဆူပင် စိုက်ပျိုးသူများအား ပညာပေးဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်း (အနောက်ပိုင်း)တွင် ၂၀၀၆-၂၀၀၇ ခုနှစ်၌ ခြစည်းရိုး ကြက်ဆူ လျာထားဧက ၃၆၉၀၀ အနက် ၂၇၆၅ ဒသမ ၂၃ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သဲကုန်းမြို့နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံမြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ သဲကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးလှဋ္ဌေးနိုင်က **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ချောက်မြို့အနီးရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ ဓာတုဗေဒစက်ရုံ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် (ချောက်)တွင် စက်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

မကွေးတိုင်းအတွင်းရှိ စက်ရုံစီမံကိန်းလုပ်ငန်းများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်း ချောက်မြို့မှ သုံးမိုင်အကွာ ရေတွင်းရွာအနီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ အကောင်အထည် ဖော်လျက်ရှိသော ဓာတုဗေဒစက်ရုံ (ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်) (ချောက်) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်ပြီးစီးမှုအခြေအနေ၊ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များ၊ တစ်နှစ်လိုအပ်ချက်နှင့် ပြည်ပမှတင်သွင်းမှု အခြေအနေ၊ ပြည်တွင်းလိုအပ်ချက် အခြေအနေများ၊ လက်ရှိ အသုံးပြုနေသော စက္ကူစက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများ၊ တိုးချဲ့စီမံကိန်းများနှင့် အခြားဝန်ကြီးဌာနများ၏ လိုအပ်ချက်များ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် လိုအပ်ချက်များ၊ ရုံးအဆောက်အအုံများ၊ ဆက်စပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှု **စာမျက်နှာ ၇ ကော်လံ ၃ သို့** ❃

ပြည်ပကျောက်မျက်ရတနာကုန်သည်များ အထူးကြိုက်နှစ်သက်သည့် မြန်မာ့ကျောက်စိမ်းတုံးများကို တွေ့ရစဉ်။ (ကြေးမုံ)

နွေရာသီ ဘောလုံးသင်တန်း ဖွင့်လှစ် သင်တန်းသား ၂၈၀ တက်ရောက်သင်ကြား

ရန်ကုန် မတ် ၁၇

မျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာရေး၊ ကျောင်းသားလူငယ်လူရွယ်များ နွေရာသီကျောင်းအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ရန်နှင့် အားကစားကို စိတ်ဝင်စားလာပြီး ကျန်းမာကြံ့ခိုင်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီဘောလုံးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန **စာမျက်နှာ ၇ ကော်လံ ၁ သို့** ●

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ ဘောလုံးသင်တန်း၌ သင်တန်းသားများ လေ့ကျင့်နေစဉ်။ (ကြေးမုံ)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၁၉၇၀ ရောက်ရှိ

ရန်ကုန် မတ် ၁၇

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ တက်ရောက်ကြပြီး ရတနာတွဲများကို ကြည့်ရှုလေ့လာကာ ဈေးနှုန်းလွှာများ တင်သွင်းခဲ့ကြသည်။

မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ရတနာကုန်သည်များက ရတနာများကို ကြည့်ရှုလေ့လာရန်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖